| ၁၁၁၀။ | လ | ၂၁၈၈၉၁ | ရဲတပ်ကြပ် | မင်းအောင် |
| ၁၁၁၁။ | လ | ၂၁၈၉၂၆ | ရဲတပ်ကြပ် | မင်းဟန်ကြည် |
| ၁၁၁၂။ | လ | ၂၁၈၉၇၅ | ရဲတပ်ကြပ် | အောင်မျိုးသူ |
| ၁၁၁၃။ | လ | ၂၁၉၀၂၉ | ရဲတပ်ကြပ် | ကျော်မင်းအောင် |
| ၁၁၁၄။ | လ | ၂၁၉၀၅၉ | ရဲတပ်ကြပ် | ဇော်ဝင်းထွဋ် |
| ၁၁၁၅။ | လ | ၂၁၉၀၉၃ | ရဲတပ်ကြပ် | လွမ်းဟောင်း |
| ၁၁၁၆။ | လ | ၂၁၉၂၀၉ | ရဲတပ်ကြပ် | ကောင်းဝေလွင် |
| ၁၁၁၇။ | လ | ၂၁၉၂၁၃ | ရဲတပ်ကြပ် | ဝင်းနိုင် |
| ၁၁၁၈။ | လ | ၂၁၉၃၃၁ | ရဲတပ်ကြပ် | လှမင်း |
| ၁၁၁၉။ | လ | ၂၁၉၃၄၄ | ရဲတပ်ကြပ် | လှမျိုးမြင့် |
| ၁၁၂၀။ | လ | ၂၁၉၄၄၈ | ရဲတပ်ကြပ် | မျိုးမင်းသူ |
| ၁၁၂၁။ | လ | ၂၁၉၅၂၂ | ရဲတပ်ကြပ် | မြင့်နိုင်ထွန်း |
| ၁၁၂၂။ | လ | ၂၁၉၅၃၁ | ရဲတပ်ကြပ် | လဲ့လဲ့ဦး |
| ၁၁၂၃။ | လ | ၂၁၉၅၈၀ | ရဲတပ်ကြပ် | ချိုချိုခိုင် |
| ၁၁၂၄။ | လ | ၂၁၉၅၈၂ | ရဲတပ်ကြပ် | ဖြူဖြူအောင် |
| ၁၁၂၅။ | လ | ၂၁၉၅၈၃ | ရဲတပ်ကြပ် | ဇင်မျိုးလွင် |
| ၁၁၂၆။ | လ | ၂၁၉၅၉၈ | ရဲတပ်ကြပ် | ဝင့်စန္ဒီထွန်း |
| ၁၁၂၇။ | လ | ၂၁၉၆၂၈ | ရဲတပ်ကြပ် | ဇင်လင်း |
| ၁၁၂၈။ | လ | ၂၁၉၆၉၁ | ရဲတပ်ကြပ် | လင်းထိုက်လတ် |
| ၁၁၂၉။ | လ | ၂၂၀၀၁၇ | ရဲတပ်ကြပ် | အောင်မျိုးခိုင် |
| ၁၁၃၀။ | လ | ၁၃၃၇၁၁ | ရဲဒုတိယတပ်ကြပ် | ရဲလွင် |
| ၁၁၃၁။ | လ | ၁၄၆၇၄၁ | ရဲဒုတိယတပ်ကြပ် | မြင့်မောင် |
| ၁၁၃၂။ | လ | ၁၄၆၇၉၃ | ရဲဒုတိယတပ်ကြပ် | အောင်ထွန်း |
| ၁၁၃၃။ | လ | ၁၅၂၀၂၅ | ရဲဒုတိယတပ်ကြပ် | သက်ဇော် |
| ၁၁၃၄။ | လ | ၁၆၀၆၁၄ | ရဲဒုတိယတပ်ကြပ် | ခင်မောင်ကျော် |
| ၁၁၃၅။ | လ | ၁၆၁၁၆၉ | ရဲဒုတိယတပ်ကြပ် | အောင်ဝင်းထွန်း |
| ၁၁၃၆။ | လ | ၁၆၃၄၄၆ | ရဲဒုတိယတပ်ကြပ် | မျိုးမြင့် |
| ၁၁၃၇။ | လ | ၁၇၀၀၃၂ | ရဲဒုတိယတပ်ကြပ် | မိုးဝင်း |
| ၁၁၃၈။ | လ | ၁၇၁၇၃၉ | ရဲဒုတိယတပ်ကြပ် | ထွန်းချို |
| ၁၁၃၉။ | လ | ၁၇၅၅၇၈ | ရဲဒုတိယတပ်ကြပ် | တင်လှဝင်း |
| ၁၁၄၀။ | လ | ၁၇၅၇၅၀ | ရဲဒုတိယတပ်ကြပ် | အောင်ရွှေမြ |
| ၁၁၄၁။ | လ | ၁၇၆၄၈၇ | ရဲဒုတိယတပ်ကြပ် | စန်းမြင့် |
| ၁၁၄၂။ | လ | ၁၇၆၈၇၀ | ရဲဒုတိယတပ်ကြပ် | သန်းအောင် |
| ၁၁၄၃။ | လ | ၁၇၇၇၆၄ | ရဲဒုတိယတပ်ကြပ် | စောထွန်းဝင်း |
| ၁၁၄၄။ | လ | ၁၇၇၈၈၇ | ရဲဒုတိယတပ်ကြပ် | မြင့်ဝင်း |
| ၁၁၄၅။ | လ | ၁၇၈၉၅၄ | ရဲဒုတိယတပ်ကြပ် | စိုးနိုင်ဝင်း |
| ၁၁၄၆။ | လ | ၁၇၉၂၉၃ | ရဲဒုတိယတပ်ကြပ် | မင်းလွင် |
| ၁၁၄၇။ | လ | ၁၈၂၅၅၄ | ရဲဒုတိယတပ်ကြပ် | ကျော့ယဉ်နု |
| ၁၁၄၈။ | လ | ၁၈၅၂၀၈ | ရဲဒုတိယတပ်ကြပ် | လှဌေး |

| | | | | |
|---|---|---|---|---|
| ၁၁၄၉။ | လ | ၁၉၀၆၄၅ | ရဲဒုတိယတပ်ကြပ် | ဖိုးထောင် |
| ၁၁၅၀။ | လ | ၁၉၁၈၁၁ | ရဲဒုတိယတပ်ကြပ် | ကျော်သူရ |
| ၁၁၅၁။ | လ | ၁၉၃၂၆၃ | ရဲဒုတိယတပ်ကြပ် | ယဉ်မင်းဦး |
| ၁၁၅၂။ | လ | ၁၉၆၇၀၈ | ရဲဒုတိယတပ်ကြပ် | မောင်မောင်သိန်း |
| ၁၁၅၃။ | လ | ၁၉၇၇၂၈ | ရဲဒုတိယတပ်ကြပ် | အောင်ကျော်ဇော |
| ၁၁၅၄။ | လ | ၂၀၁၉၃၆ | ရဲဒုတိယတပ်ကြပ် | သက်ပိုင်မှူး |
| ၁၁၅၅။ | လ | ၂၀၃၁၇၉ | ရဲဒုတိယတပ်ကြပ် | ခင်မောင်ထွန်း |
| ၁၁၅၆။ | လ | ၂၀၃၇၄၉ | ရဲဒုတိယတပ်ကြပ် | ဆန်းအောင် |
| ၁၁၅၇။ | လ | ၂၀၄၃၁၆ | ရဲဒုတိယတပ်ကြပ် | သန်းဇော် |
| ၁၁၅၈။ | လ | ၂၀၄၄၈၉ | ရဲဒုတိယတပ်ကြပ် | ပြည့်ချမ်းအေး |
| ၁၁၅၉။ | လ | ၂၀၄၅၂၇ | ရဲဒုတိယတပ်ကြပ် | သီဟမောင်မောင် |
| ၁၁၆၀။ | လ | ၂၀၄၉၅၇ | ရဲဒုတိယတပ်ကြပ် | အောင်ဇော်ဦး |
| ၁၁၆၁။ | လ | ၂၀၆၂၅၅ | ရဲဒုတိယတပ်ကြပ် | ကျော်မျိုးဟန် |
| ၁၁၆၂။ | လ | ၂၀၆၄၂၇ | ရဲဒုတိယတပ်ကြပ် | နိုင်လင်းထိုက် |
| ၁၁၆၃။ | လ | ၂၀၆၈၀၀ | ရဲဒုတိယတပ်ကြပ် | သီတာဝင်း |
| ၁၁၆၄။ | လ | ၂၀၆၉၂၈ | ရဲဒုတိယတပ်ကြပ် | သန်းစိုး |
| ၁၁၆၅။ | လ | ၂၀၆၉၉၉ | ရဲဒုတိယတပ်ကြပ် | တင့်နိုင်ဝင်း |
| ၁၁၆၆။ | လ | ၂၀၇၀၄၇ | ရဲဒုတိယတပ်ကြပ် | ကျော်နိုင်မိုး |
| ၁၁၆၇။ | လ | ၂၀၇၄၆၉ | ရဲဒုတိယတပ်ကြပ် | ဇာနည်ဟိန်း |
| ၁၁၆၈။ | လ | ၂၀၇၅၉၇ | ရဲဒုတိယတပ်ကြပ် | အောင်ကျော်ဦး |
| ၁၁၆၉။ | လ | ၂၀၇၇၅၆ | ရဲဒုတိယတပ်ကြပ် | ဇော်ဇော်အောင် |
| ၁၁၇၀။ | လ | ၂၀၇၈၁၂ | ရဲဒုတိယတပ်ကြပ် | ထွန်းထွန်းလှိုင် |
| ၁၁၇၁။ | လ | ၂၀၈၁၈၄ | ရဲဒုတိယတပ်ကြပ် | အောင်ဇော်လင်း |
| ၁၁၇၂။ | လ | ၂၀၈၁၈၉ | ရဲဒုတိယတပ်ကြပ် | ဝင်းမင်းဦး |
| ၁၁၇၃။ | လ | ၂၀၈၅၅၉ | ရဲဒုတိယတပ်ကြပ် | ရဲနိုင် |
| ၁၁၇၄။ | လ | ၂၀၈၉၃၃ | ရဲဒုတိယတပ်ကြပ် | မောင်မောင်လွင် |
| ၁၁၇၅။ | လ | ၂၀၉၅၃၃ | ရဲဒုတိယတပ်ကြပ် | ယဉ်ယဉ်ထွေး |
| ၁၁၇၆။ | လ | ၂၀၉၅၇၂ | ရဲဒုတိယတပ်ကြပ် | တိုးမြင့်အောင် |
| ၁၁၇၇။ | လ | ၂၀၉၇၆၄ | ရဲဒုတိယတပ်ကြပ် | ထွန်းထွန်းဝင်း |
| ၁၁၇၈။ | လ | ၂၁၀၁၀၄ | ရဲဒုတိယတပ်ကြပ် | မင်းသူရ |
| ၁၁၇၉။ | လ | ၂၁၀၁၂၄ | ရဲဒုတိယတပ်ကြပ် | ဌေးအောင် |
| ၁၁၈၀။ | လ | ၂၁၀၇၃၀ | ရဲဒုတိယတပ်ကြပ် | ဇွန်မျိုးအောင် |
| ၁၁၈၁။ | လ | ၂၁၀၉၇၂ | ရဲဒုတိယတပ်ကြပ် | အောင်ငြိမ်းမင်း |
| ၁၁၈၂။ | လ | ၂၁၁၆၄၇ | ရဲဒုတိယတပ်ကြပ် | မိုးဇော်ဦး |
| ၁၁၈၃။ | လ | ၂၁၁၈၉၉ | ရဲဒုတိယတပ်ကြပ် | သိန်းစိုး |
| ၁၁၈၄။ | လ | ၂၁၂၇၀၉ | ရဲဒုတိယတပ်ကြပ် | မျိုးဝင်းညွန့် |
| ၁၁၈၅။ | လ | ၂၁၂၈၈၅ | ရဲဒုတိယတပ်ကြပ် | အောင်နိုင်ဦး |
| ၁၁၈၆။ | လ | ၂၁၃၅၂၉ | ရဲဒုတိယတပ်ကြပ် | တင်အောင်လင်း |
| ၁၁၈၇။ | လ | ၂၁၃၈၇၆ | ရဲဒုတိယတပ်ကြပ် | အောင်မျိုး |
| ၁၁၈၈။ | လ | ၂၁၄၂၅၂ | ရဲဒုတိယတပ်ကြပ် | စည်သူထွန်း |
| ၁၁၈၉။ | လ | ၂၁၄၄၉၀ | ရဲဒုတိယတပ်ကြပ် | ကျော်သာထွန်း |
| ၁၁၉၀။ | လ | ၂၁၄၅၁၆ | ရဲဒုတိယတပ်ကြပ် | ရဲမင်းကျော် |
| ၁၁၉၁။ | လ | ၂၁၄၅၉၁ | ရဲဒုတိယတပ်ကြပ် | ကိုကိုဇော် |
| ၁၁၉၂။ | လ | ၂၁၄၆၁၁ | ရဲဒုတိယတပ်ကြပ် | ဝင်းနိုင် |
| ၁၁၉၃။ | လ | ၂၁၅၂၅၁ | ရဲဒုတိယတပ်ကြပ် | ဝေဇင်ဦး |
| ၁၁၉၄။ | လ | ၂၁၅၅၁၀ | ရဲဒုတိယတပ်ကြပ် | ဆန်းထွန်း |
| ၁၁၉၅။ | လ | ၂၁၅၇၈၇ | ရဲဒုတိယတပ်ကြပ် | ကျော်မင်းထွန်း |
| ၁၁၉၆။ | လ | ၂၁၆၁၄၀ | ရဲဒုတိယတပ်ကြပ် | ဇော်မင်းနိုင် |
| ၁၁၉၇။ | လ | ၂၁၆၁၅၆ | ရဲဒုတိယတပ်ကြပ် | သက်ပိုင်ထူး |
| ၁၁၉၈။ | လ | ၂၁၆၂၈၈ | ရဲဒုတိယတပ်ကြပ် | မျိုးမင်းဇော် |
| ၁၁၉၉။ | လ | ၂၁၆၅၂၂ | ရဲဒုတိယတပ်ကြပ် | ဇော်ဇော်အောင် |
| ၁၂၀၀။ | လ | ၂၁၆၇၃၀ | ရဲဒုတိယတပ်ကြပ် | အောင်ဖြိုးဝေ |
| ၁၂၀၁။ | လ | ၂၁၆၇၇၅ | ရဲဒုတိယတပ်ကြပ် | စိုးရဲအောင် |
| ၁၂၀၂။ | လ | ၂၁၇၁၇၂ | ရဲဒုတိယတပ်ကြပ် | နိုင်ဇော် |
| ၁၂၀၃။ | လ | ၂၁၇၂၄၁ | ရဲဒုတိယတပ်ကြပ် | အောင်ကျော်စိုး |
| ၁၂၀၄။ | လ | ၂၁၇၄၀၄ | ရဲဒုတိယတပ်ကြပ် | သန်းခိုင်စိုး |
| ၁၂၀၅။ | လ | ၂၁၇၅၁၉ | ရဲဒုတိယတပ်ကြပ် | ငြိမ်းဟန်စိုး |
| ၁၂၀၆။ | လ | ၂၁၇၈၇၂ | ရဲဒုတိယတပ်ကြပ် | တင်ဝင်းလှိုင် |
| ၁၂၀၇။ | လ | ၂၁၇၈၉၅ | ရဲဒုတိယတပ်ကြပ် | အောင်နိုင်ထူး |
| ၁၂၀၈။ | လ | ၂၁၈၀၃၅ | ရဲဒုတိယတပ်ကြပ် | သက်နိုင်ထွေး |
| ၁၂၀၉။ | လ | ၂၁၈၄၂၇ | ရဲဒုတိယတပ်ကြပ် | မျိုးသက်အောင် |
| ၁၂၁၀။ | လ | ၂၁၈၅၀၆ | ရဲဒုတိယတပ်ကြပ် | ဘိုးဇော်ဌေး |
| ၁၂၁၁။ | လ | ၂၁၈၅၄၅ | ရဲဒုတိယတပ်ကြပ် | ညီမောင် |
| ၁၂၁၂။ | လ | ၂၁၈၆၇၂ | ရဲဒုတိယတပ်ကြပ် | မျိုးမင်းစိုး |
| ၁၂၁၃။ | လ | ၂၁၈၈၂၉ | ရဲဒုတိယတပ်ကြပ် | အောင်နေလင်း |
| ၁၂၁၄။ | လ | ၂၁၉၁၅၅ | ရဲဒုတိယတပ်ကြပ် | မင်းမင်းဇော် |
| ၁၂၁၅။ | လ | ၂၁၉၃၉၀ | ရဲဒုတိယတပ်ကြပ် | ဒီပါကျော် |
| ၁၂၁၆။ | လ | ၂၁၉၄၂၀ | ရဲဒုတိယတပ်ကြပ် | အောင်အောင် |
| ၁၂၁၇။ | လ | ၂၁၉၅၀၈ | ရဲဒုတိယတပ်ကြပ် | ဝင်းမင်းထွန်း |
| ၁၂၁၈။ | လ | ၂၁၉၅၁၆ | ရဲဒုတိယတပ်ကြပ် | စည်သူထွန်း |
| ၁၂၁၉။ | လ | ၂၂၁၀၂၈ | ရဲဒုတိယတပ်ကြပ် | ကြည်ကြည်လှိုင် |
| ၁၂၂၀။ | လ | ၁၇၃၃၈၂ | ရဲတပ်သား | စိုးမင်း |
| ၁၂၂၁။ | လ | ၁၈၄၅၀၅ | ရဲတပ်သား | ရဲသန့် |

( ပုံ ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

### ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၁၆/၂၀၂၁) ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ အဖွဲ့ဝင် ဒေါ်သီသီရွှေ၊ ညွှန်ကြားရေးမှူး၊ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး **အစား** ဒေါ်စိုးစိုးသွင်၊ ညွှန်ကြားရေးမှူး၊ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

၁။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကော်မရှင်အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) သဘောတူညီချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား ၎င်းတို့၏အမည်များနှင့် ယှဉ်တွဲဖော်ပြပါ ရာထူး၊ လစာနှုန်းနှင့် ဌာနများသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (က) | ဦးကျော်ထွေး | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၆)<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(ဥပဒေရေးရာ/သိမ်းဆည်း/ရုံးခွဲ)<br>(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန |
| (ခ) | ဦးကျော်စိုး | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ကော်မရှင်ရုံးအဖွဲ့ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(ရုံးအဖွဲ့မှူး)<br>(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)<br>ကော်မရှင်ရုံးအဖွဲ့ |

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၅၁ အရ တိုးမြှင့်ခန့်ထားသည့်ရာထူး၏ လစာနှုန်းတန်းတွင် အနိမ့်ဆုံးလစာအဆင့်မှစ၍ သတ်မှတ်ခံစားခွင့်ပြုလိုက်သည်။

တင်ဦး

ဥက္ကဋ္ဌ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

၁။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကော်မရှင်အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) သဘောတူညီချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ အရာထမ်း (၃) ဦးတို့အား ၎င်းတို့၏အမည်များနှင့် ယှဉ်တွဲဖော်ပြပါ ရာထူး၊ လစာနှုန်းနှင့် ဌာနများသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်–

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (က) | ဒေါ်မာမာချို | ဒုတိယညွှန်ကြားရေးမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ကော်မရှင်ရုံးအဖွဲ့ | ညွှန်ကြားရေးမှူး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ကော်မရှင်ရုံးအဖွဲ့ |
| (ခ) | ဒေါ်ဇာဇာမိုး | ဒုတိယညွှန်ကြားရေးမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အသိပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အသိပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန |
| (ဂ) | ဦးလှိုင်ဘုန်းမြင့် | ဒုတိယညွှန်ကြားရေးမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) စုံစမ်းစစ်ဆေးရေးဌာနခွဲ (၂) ရုံးခွဲ (တောင်ကြီး) သို့တွဲ စုံစမ်းစစ်ဆေးရေးဦးစီးဌာန | ညွှန်ကြားရေးမှူး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ကော်မရှင်ရုံးခွဲ (တောင်ကြီး) စုံစမ်းစစ်ဆေးရေးဦးစီးဌာန |

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၅၁ အရ တိုးမြှင့်ခန့်ထားသည့်ရာထူး၏ လစာနှုန်းတန်းတွင် အနိမ့်ဆုံးလစာအဆင့်မှစ၍ သတ်မှတ်ခံစားခွင့်ပြုလိုက်သည်။

တင်ဦး

ဥက္ကဋ္ဌ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၉၀/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲ ၂၂၅၄ ဒုတိယရဲမှူးကြီး သောင်းလင်း အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရထားရဲတပ်ဖွဲ့သို့ တပ်ဖွဲ့မှူး (ရဲမှူးကြီး) အဖြစ် ပြောင်းရွှေ့ကာ ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့၌ပင် တွဲဖက်တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၉၁/၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း၊ နည်းပညာဌာနစုမှ သင်ကြားရေးမှူး ရဲ ၂၂၉၈ ဒုတိယရဲမှူးကြီး ဇော်ဝင်း အား လစ်လပ်လျက်ရှိသော အမှတ် (၂) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၊ တပ်ဖွဲ့မှူး (ရဲမှူးချုပ်) ရာထူးနေရာကို ကျောထောက်နောက်ခံပြု၍ ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိ အတတ်သင်ကျောင်း၌ပင် တွဲဖက်တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၉၂/၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နေပြည်တော်ရဲတပ်ဖွဲ့မှ ဦးစီးအရာရှိ (ပထမတန်း) (ဦး/ရေး/ထောက်) ရဲ ၂၃၀၁ ဒုတိယရဲမှူးကြီး မျိုးညွန့် အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး စည်ပင်သာယာရဲတပ်ဖွဲ့ (နေပြည်တော်) သို့ ဒုတိယဌာနမှူးအဖြစ် ပြောင်းရွှေ့ကာ နေပြည်တော်ရဲတပ်ဖွဲ့၌ပင် တွဲဖက်တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၉၄/၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီးမှ လ ၁/၉၁၁၅၆ ရဲအုပ် စိုးမြင့် အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ၇၉၁၅ သတ်မှတ်ကာ လက်ရှိရဲဦးစီးဌာနကြီး၌ပင် တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၀၃/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

အကျဉ်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦးတို့အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | က ၃၀၇၉ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဋ္ဌေး<br>ဒုတိယညွှန်ကြားရေးမှူး<br>လေ့ကျင့်ရေးဌာန | ဦးစီးမှူး<br>ကရင်ပြည်နယ်ဦးစီးမှူးရုံး |

(၂) က ၄၁၈၂ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်စိုးလင်း တာဝန်ခံအရာရှိ မိုးညှင်းဗဟိုအကျဉ်းထောင် — ဦးစီးမှူး ကယားပြည်နယ်ဦးစီးမှူးရုံး

## အမိန့်ကြော်ငြာစာ (၁၂၁၇/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ (ဂ) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်–၈၆၁–က/၂/အောင်ပင်လယ်၊ ဦးပိုင်အမှတ်–၁၊ မြေကွက်အမှတ်– ၁၅/၂၈၊ **မြေဧရိယာ ၂.၅၅၅ ဧက** ရှိ မြေအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ **ယင်းမာပင်ခရိုင်အရန်တပ်ခွဲ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

အမှတ် ၉၈၂/၂၀၂၁။ ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယု အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၉၉၄/၂၀၂၁)

ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦး အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ထိုရာထူးနေရာတွင်ပင် ဒုတိယအကြိမ် တစ်နှစ်ဆက်လက်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၀၁/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

နော်ဝေနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်မော်မော် အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းမှစတင်၍ ထိုရာထူးနေရာတွင်ပင် ပထမအကြိမ် တစ်နှစ်ဆက်လက်ခန့်ထားလိုက်သည်။

ဝဏ္ဏမောင်လွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၄၅/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၇၁/၂၀၂၁) အရ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ အား အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရာထူးနေရာတွင် တာဝန်ဝတ္တရားများ စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၄၆/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၈/၂၀၂၁) အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၃) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

(၁) ဒေါ်စုနန္ဒာလှိုင်

(၂) ဒေါ်လှချယ်ရီဝင့်

(၃) ဒေါ်ရည်မွန်ဝင်း

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

**အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၂၄ တို့အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်း**

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၏ သဘောတူဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ အတည်ပြုပြီးဖြစ်သော အသေးစားငွေရေး

ကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အောက်ပါအဖွဲ့အစည်း (၁၂) ဖွဲ့အား အသေးစားငွေရေးကြေးရေး လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးလိုက်သည်–

| စဉ် | အဖွဲ့အစည်းအမည် | လိုင်စင်အမှတ် |
|---|---|---|
| ၁။ | First Myanmar Economics Co., Ltd | ၀၂၄၄/၂၀၁၅ |
| ၂။ | Morakot Microfinance (Myanmar) Ltd | ၀၂၇၉/၂၀၁၇ |
| ၃။ | ASG Bancorp Microfinance Ltd | ၀၂၈၈/၂၀၁၈ |
| ၄။ | Shine Heart Microfinance Co., Ltd | ၀၂၉၈/၂၀၁၈ |
| ၅။ | Wan–Lark Microfinance Co., Ltd | ၀၃၀၈/၂၀၁၉ |
| ၆။ | Jasmines Season Microfinance Co., Ltd | ၀၃၀၉/၂၀၁၉ |
| ၇။ | Narita Vision Fund Microfinance Service Co., Ltd | ၀၃၁၂/၂၀၁၉ |
| ၈။ | DGB Microfinance Myanmar Co., Ltd | ၀၃၁၉/၂၀၁၉ |
| ၉။ | Blue Lion Microfinance Myanmar Co., Ltd | ၀၃၂၀/၂၀၁၉ |
| ၁၀။ | Suhyup Microfinance Myanmar Co., Ltd | ၀၃၂၂/၂၀၁၉ |
| ၁၁။ | RB Myanmar Microfinance Co., Ltd | ၀၃၂၆/၂၀၂၀ |
| ၁၂။ | CAM Capital Microfinance Co., Ltd | ၀၃၂၇/၂၀၂၀ |

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၂)

### အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၂၄ တို့အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ပိတ်သိမ်းခြင်း

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၏ သဘောတူဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ အတည်ပြုပြီးဖြစ်သော အသေးစားငွေရေးကြေးရေး လုပ်ငန်းပိတ်သိမ်းသည့် အောက်ပါအဖွဲ့အစည်း (၄) ဖွဲ့အား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်များ ပြန်လည်ပိတ်သိမ်းလိုက်သည်–

| စဉ် | အဖွဲ့အစည်းအမည် | လိုင်စင်အမှတ် |
|---|---|---|
| ၁။ | မင်းသရဖူကုမ္ပဏီလီမိတက် | ၀၀၁၀/၂၀၁၂ |
| ၂။ | ကရင့်အားမာန်စုပေါင်းစီးပွားရေးလုပ်ငန်း | ၀၀၂၅/၂၀၁၂ |
| ၃။ | ဝုန်းမေတ္တာလူမှုအကျိုးပြုအသင်း | ၀၂၃၅/၂၀၁၅ |
| ၄။ | C.H.L Microfinance Limited | ၀၃၀၆/၂၀၁၉ |

ဝင်းရှိန်
ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၀ ပြည့်နှစ်၊ အကောက်ခွန်အယူခံမှုအမှတ်–၁၈**

| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |
|---|---|---|
| ဦးခွာစိမ်း [၁/မကန(နိုင်) ၁၀၅၈၉၀] <br> Managing Director <br> United Honesty Business Co., Ltd <br> အမှတ် (၄၅/ဘီ)၊ ယောမင်းကြီးလမ်း၊ <br> ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | နှင့် | ညွှန်ကြားရေးမှူး၊ <br> ထုတ်ကုန် သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ <br> အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။ |
| လျှောက်ထားသူအတွက်လိုက်ပါ <br> ဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | လျှောက်ထားသူကိုယ်တိုင် |
| လျှောက်ထားခံရသူအတွက်လိုက်ပါ <br> ဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးကျော်လင်းမြိုင် <br> (ဌာနဆိုင်ရာကိုယ်စားလှယ်) <br> လက်ထောက်ညွှန်ကြားရေးမှူး၊ <br> အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | – | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် |

**စီရင်ချက်**

အမှုမှာ United Honesty Business Co., Ltd က မလေးရှားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ AWB No. 23243690382 ဖြင့် ၂၆–၉–၂၀၁၉ ရက်နေ့တွင် ရောက်ရှိလာသည့် e– Cigarette, e–Liquid (24) Items၊ ခန့်မှန်းတန်ဖိုး ကျပ် ၄၁,၂၃၄,၀၀၀/– ခန့်ကို ထုတ်ယူခွင့်ပြုပါရန် သွင်းကုန်ကြေညာလွှာအမှတ် ID No. 100127393920 ဖြင့် ကြေညာတင်သွင်းခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး၏ ၂၀–၃–၂၀၂၀ ရက်စွဲပါ စာအမှတ် နဆရ/အထွေထွေ/မ–၁/၂၀၂၀/၅၀၁၈ အရ e– Cigarette နှင့် ၎င်းအတွက်ဆက်စပ်ပစ္စည်းများအား ပြည်သူလူထုအတွင်းရောက်ရှိရန် တင်သွင်းမှုအား လုံးဝကန့်ကွက်ပါကြောင်းနှင့် သဘောမတူနိုင်ပါကြောင်း အကြောင်းကြားထားသည့်အတွက် အခင်းဖြစ်ပစ္စည်းများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းသို့ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ခွင့်ပြုထောက်ခံချက်မပါဘဲ စည်းမျဉ်း ကန့်သတ်ချက်များအား ဆန့်ကျင်၍တင်သွင်းလာခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အား ဖောက်ဖျက်ကျူးလွန်ကြောင်း ထင်ရှားသဖြင့် အခင်းဖြစ်ပစ္စည်းများအား ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ အကောက်ခွန်ဦးစီးဌာနက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းအပေါ် မကျေနပ်သဖြင့် အယူခံလျှောက်ထားလာသည့် အမှုဖြစ်သည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို လက်ခံကြားနာခဲ့ရာတွင် လျှောက်ထားသူ ဦးခွာစိမ်းက လျှောက်လဲတင်ပြရာ၌ လျှောက်ထားသူ United Honesty Business Co., Ltd သည် အစိုးရဌာနများ၏ ချမှတ်ထားသော လမ်းညွှန် စည်းကမ်းချက်များကို အမြဲလိုက်နာဆောင်ရွက်နေသော ကုမ္ပဏီ ဖြစ်ပါကြောင်း၊ e–Juice ကို ၂၀၁၇ မှစတင်၍ သက်ဆိုင်ရာအစိုးရဌာနများ၏ ထောက်ခံချက်နှင့် စမ်းသပ်စစ်ဆေးပြီး နိုင်ငံတော်ကို တရားဝင်အခွန်ဆောင်ပြီးတင်သွင်းခဲ့သည်ကို Customs Release Order နှင့်တကွ တင်ပြကြောင်း၊ တင်သွင်းလုပ်ဆောင်ပုံအဆင့်ဆင့်မှာ မလေးရှားမှ တင်သွင်းလိုပါက မလေးရှားမှ တရားဝင် MSDS (Material Safety Data Sheet)/ COA (Certificate of Analysis) များကို ဦးစွာ တောင်းခံရပါကြောင်း၊ ၎င်း MSDS/ COA ထောက်ခံချက်နှင့်အတူ မြန်မာနိုင်ငံရှိ NAL (National Analysis Laboratory) ရုံးတွင် ကနဦး ဓာတ်ခွဲစမ်းသပ်ပြီး ပြည်တွင်း Chemical Analyze ထောက်ခံချက်ရယူရပါကြောင်း၊ ၎င်းထောက်ခံချက်နှင့်အတူ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(နေပြည်တော်) တွင် စစ်ဆေးပြီး ပြည်တွင်းတင်သွင်းခွင့်လျှောက်လွှာ တောင်းခံရပါကြောင်း၊ United Honesty Business Co., Ltd မှ တင်သွင်းသော e-Juice သည် Chemical Compound ဖြစ်ခြင်းကြောင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ လျှောက်ထားခဲ့ခြင်းဖြစ်ပါကြောင်း၊ ရရှိလာသော ထောက်ခံချက်နှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (နေပြည်တော်) တွင် တင်သွင်းခွင့်လိုင်စင်လျှောက်ထားပြီး တင်သွင်းရပါကြောင်း၊ တရားဝင်ကုန်ပစ္စည်းတင်သွင်းခွင့်၊ တင်ပို့ခွင့်စာရွက်စာတမ်းများ အပြည့်အစုံဖြင့် တင်သွင်းရသည့်ပစ္စည်းများသာ ဖြစ်ပါကြောင်း၊ ကုမ္ပဏီမှတင်သွင်းလာသော အခင်းဖြစ်ပစ္စည်းများသည် ရည်ညွှန်းချက်စာတွင်ပါရှိသကဲ့သို့ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အား ကျူးလွန်ရာ မရောက်ပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများမှာ မြန်မာနိုင်ငံ အတွင်းသို့တင်သွင်းခြင်းမပြုရန် တားမြစ်ကန့်သတ်ထားသော ကုန်ပစ္စည်းများမဟုတ်ပါကြောင်း၊ ပုဒ်မ ၁၉ အရ ပိတ်ပင် တားမြစ်ထားသည့်ပစ္စည်းများ မဟုတ်ကြသည့်အတွက် ပုဒ်မ ၁၆၇ (၈) အရ ဆောင်ရွက်ရန်မလိုအပ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏အမိန့်စာအရ e-Cigarette နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းမှုအား လုံးဝကန့်ကွက်ပါကြောင်းနှင့် သဘောမတူနိုင်ပါကြောင်း အကြောင်းကြားချက်အရ အကောက်ခွန်ဦးစီးဌာနမှ အခင်းဖြစ်ပစ္စည်းများအား ပင်လယ် ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းမှာ ဥပဒေအား လိုသလိုဆွဲ၍ အသုံးပြုခဲ့ခြင်းသာဖြစ်ပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၉ တွင် ဝန်ကြီးဌာနတစ်ခုခု၏ သဘောမတူနိုင်ပါကြောင်း၊ မည်သည့်အချိန်မဆို ကန့်ကွက်သည့်ပစ္စည်းကို တင်သွင်းခွင့် မရှိကြောင်းအတိအကျ ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း၊ ဝန်ကြီးဌာနတစ်ခုအနေဖြင့် ကုန်ပစ္စည်းတစ်ခုခုအား မတင်သွင်းသင့်ကြောင်းဆုံးဖြတ်ပါက ဥပဒေနှင့်ညီစေရန် ကြိုတင်၍ကြော်ငြာခြင်း၊ အမိန့်တစ်စုံတစ်ရာထုတ်ခြင်း ကြိုတင်ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ကြော်ငြာထားပါလျက် ပစ္စည်းတင်သွင်းပါမှ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အား ဖောက်ဖျက်ရာရောက်မည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားငွေ ကြိုတင်ပေးသွင်း၍ အကုန်အကျများစွာခံပြီး ဥပဒေနှင့်အညီ အစစ်ဆေးခံ တင်သွင်းလာသောပစ္စည်းများအား ပစ္စည်းများရောက်ရှိချိန်မှ မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှ စစ်ဆေးအတည်ပြုချက်၊ အကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ သဘော မတူညီကြောင်း ကန့်ကွက်ရုံမျှဖြင့် လိုက်နာဆောင်ရွက်ပါက နိုင်ငံ၏စီးပွားရေးကဏ္ဍအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးနေသော ကုမ္ပဏီများ၏ အကျိုးစီးပွားကို များစွာ ထိခိုက်နစ်နာပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများသည် ဗြိတိန်၊ အမေရိကန်၊ တရုတ်နိုင်ငံကြီးများတွင် ဆေးလိပ်အန္တရာယ်ကင်းဝေးစေရန် တရားဝင်ထောက်ခံချက်ဖြင့် ထုတ်လုပ်ရောင်းချနေခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် တစ်ဆင့်ကြားစကားအရ (ဓာတ်ခွဲစမ်းသပ်ခြင်း၊ အသေးစိတ်စစ်ဆေးခြင်း မရှိဘဲ) သဘောမတူဟု ကန့်ကွက်ရခြင်းမှာ သဘာဝမကျပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများကို တရားဝင်တင်သွင်းသူမှာ United Honesty Business Co., Ltd တစ်ခုတည်းသာရှိသည်ဟု သိရှိရပါကြောင်း၊ အယူခံလျှောက်ထားသူ ကုမ္ပဏီမှ ထောက်ခံချက်များ၊ စာရွက်စာတမ်းများ စုံလင်စွာ တရားဝင်တင်သွင်းလာခြင်းကို အကောက်ခွန်ဌာနမှ ဝန်ကြီးဌာန၏ စာတစ်စောင်ကို အကြောင်းပြပိတ်ပင် ခဲ့ပါကြောင်း၊ နိုင်ငံတော်၏ အဆင့်အမြင့်ဆုံး ဥပဒေပြုပြည်သူ့လွှတ်တော်မှ ထုတ်ပြန်သော ဥပဒေတစ်ရပ်ပင် ထုတ်ပြန်သောနေ့၏ နောက်ပိုင်းရက်များတွင်သာ အသက်ဝင်လိုက်နာရပါကြောင်း၊ ဥပဒေမထွက်ခင်က အမှုကိစ္စများအား နောက်ကြောင်းပြန် အရေးယူခြင်း မပြုကြပါကြောင်း၊ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဌာနဆိုင်ရာအချင်းချင်းထုတ်ပြန်သောစာမှာ နိုင်ငံအတွင်းရောက်ရှိနေသော အခင်းဖြစ်ပစ္စည်းများနှင့် မသက်ဆိုင်ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ခဲ့သောအမိန့်မှာ ဥပဒေအရလည်းကောင်း၊ အချက်အလက်များအရလည်းကောင်း များစွာ မှားယွင်းနေသည့်အတွက် ၂၅-၅-၂၀၂၀ ရက်စွဲပါ အမိန့်အား ဖျက်သိမ်း၍ တရားဝင်အထောက်အထားများဖြင့် တင်သွင်းလာသော အခင်းဖြစ်ပစ္စည်းများအား ပိုင်ရှင်သို့ ပြန်လည်ပေးအပ်စေလိုပါကြောင်း လျှောက်လဲသည်။

လျှောက်ထားခံရသူကိုယ်စား အကောက်ခွန်ဦးစီးဌာနမှ ဌာနဆိုင်ရာ ကိုယ်စားလှယ် လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်လင်းမြိုင် က ချေပ လျှောက်လဲရာ၌ အခင်းဖြစ် e-Cigarette, e-Liquid များနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ညှိနှိုင်းအကြောင်း ကြားခဲ့ရာ e-Cigarette တွင် နီကိုတင်းဓာတ်များစွာပါဝင်သဖြင့် အခြားမူးယစ်ဆေးဝါးများကဲ့သို့ စွဲလမ်းခြင်း၊ ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေခြင်း၊ အာရုံစူးစိုက်နိုင်မှု ကျဆင်းလာခြင်း၊ သင်ယူနိုင်စွမ်းရည် နည်းပါးလာခြင်းအပြင် စိတ်ကစဉ့်ကလျားဖြစ်သည်အထိ ခံစားရခြင်း၊ e-Cigarette တွင် ပါဝင်သောဓာတုဆေးရည်ကြောင့် ရေရှည်တွင်

အဆုတ်နှင့် အသက်ရှူလမ်းကြောင်းကို ထိခိုက်ပျက်စီးစေသကဲ့သို့ နောက်ဆက်တွဲ ကင်ဆာရောဂါများကိုလည်း ဖြစ်ပွားစေနိုင်ခြင်း၊ e-Cigarette ပေါက်ကွဲမှုကြောင့် ပြင်းထန်သောထိခိုက်ဒဏ်ရာများရရှိနိုင်ခြင်း၊ e-Cigarette သောက်သုံးသူများမှ ထွက်လာသောအငွေ့များသည် ပတ်ဝန်းကျင်လူအများ ရှူရှိုက်မိပါက အန္တရာယ်ဖြစ်စေနိုင်ခြင်း အစရှိသော များပြားလှသည့် အန္တရာယ်များဖြစ်ပေါ်စေနိုင်ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ အခန်း (၁)၊ နိုင်ငံတော်အခြေခံမူများ အပိုဒ် ၂၈ (က) တွင် "ပြည်သူများပညာရေးနှင့် ကျန်းမာရေးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်။" ဟု ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် e-Cigarette သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်များစွာ ဖြစ်စေသည့်အပြင် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေသည့်အတွက် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ခြင်းလုပ်ငန်းများကို အားဖြည့် ဆောင်ရွက်နေရသည့်အချိန်ဖြစ်၍ လူကို အန္တရာယ်ဖြစ်စေသည့် e-Cigarette နှင့် ၎င်းအတွက်ဆက်စပ်ပစ္စည်းများအား ပြည်သူလူထုအတွင်းရောက်ရှိရန် တင်သွင်းခွင့်အား လုံးဝကန့်ကွက်ပါကြောင်းနှင့် သဘောမတူနိုင်ပါကြောင်းဖော်ပြ၍ အကြောင်းပြန်ကြားလာခဲ့ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသို့ အခင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍ ညှိနှိုင်းအကြောင်းကြားခဲ့ရာ United Honesty Business Co., Ltd မှ ကုန်သွယ်ရေးဦးစီးဌာနသို့ အဆိုပါ Raw for Industry Items များအား သွင်းကုန်လိုင်စင်လျှောက်ထားခဲ့ရာ၌ ကုန်သွယ်ရေးဦးစီးဌာနမှ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့၏ တင်သွင်းခွင့်ထောက်ခံချက်ပူးတွဲပါရှိခြင်း၊ ကုမ္ပဏီမှတင်ပြသည့် အသုံးပြုပုံရှင်းလင်းချက်တွင် Vape စက်ပစ္စည်း၌ အသုံးပြုရန်ဟု ဖော်ပြထားခြင်းကြောင့် သွင်းကုန်လိုင်စင်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ကုမ္ပဏီမှ Vape စက်ပစ္စည်း၌ အသုံးပြုရန် e-Liquid များ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ သဘောထားတောင်းခံခဲ့ပါကြောင်း၊ Raw for Industry Items များနှင့်ပတ်သက်၍ ကွဲလွဲမှုများရှိပါက အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းအရသာ ဆောင်ရွက်ရန်ဟု အကြောင်းပြန်ကြားလာခဲ့ပါကြောင်း၊ ကုန်သွယ်ရေးဦးစီးဌာနမှ အကြောင်းပြန်ကြားချက်တွင် ယင်းကိစ္စနှင့်ပတ်သက်၍ တင်သွင်းခွင့်ပြုရန် သင့် မသင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မည်သို့သဘောထား မှတ်ချက်ပြုထားသည်ဆိုသည့်ကိစ္စအား ထည့်သွင်းဖော်ပြထားခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ၎င်းပြင် အကောက်ခွန်ဦးစီးဌာနသည် လျှောက်ထားသူကုမ္ပဏီမှတင်သွင်းလာခဲ့သည့် အခင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ညှိနှိုင်းအကြောင်းကြားခဲ့ရာ လျှောက်ထားသူကုမ္ပဏီမှ ပြည်တွင်းသို့တင်သွင်းရန် ထောက်ခံချက်လျှောက်ထားလာသည့် Raw for Industry (Chemically Prepared Liquid) များသည် Vape Machine (e-Cigarette.....သောက်တံ) အတွင်း ထည့်သွင်းအသုံးပြုမည့် e-Cigarette (Liquid) များဖြစ်ကြောင်း ကုမ္ပဏီမှ ထောက်ခံချက်လျှောက်ထားစဉ် ပူးတွဲတင်ပြထားသည့် စာရွက်စာတမ်းအထောက်အထားများအရ သိရှိရပါသည် ဟု အကြောင်းပြန်ကြားလာခဲ့ပါကြောင်း၊ e-Cigarette များ တင်သွင်းလာမှုနှင့်ပတ်သက်၍ ကုန်သွယ်ရေးဦးစီးဌာနမှ သုံးသပ်ထားသည်မှာ e-Cigarette သည် နီကိုတင်းပါဝင်သော စီးကရက်တစ်မျိုးဖြစ်သဖြင့် နိုင်ငံအများစုတွင် တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့ကို ပိတ်ပင်ထားပြီး အချို့သောနိုင်ငံများတွင် သောက်သုံးမှုကို တင်းကြပ်သောစည်းကမ်းများဖြင့် ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း ကျန်းမာရေးကိုဆိုးကျိုးသာဖြစ်စေသည့် စီးကရက်တင်သွင်းမှုကို ပိတ်ပင်ထားသည် ဖြစ်ရာ နီကိုတင်းပါဝင်သည့် e-Cigarette သည်လည်း အကျုံးဝင်မည်ဟု သုံးသပ်ရပါကြောင်း၊ e-Cigarette တွင် အသုံးပြုသော e-Liquid များ တင်သွင်းခြင်းနှင့်ပတ်သက်၍ တင်သွင်းခွင့်မပြုသင့်ပါကြောင်းနှင့် အခြားသော ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသုံးပြုရန်တင်သွင်းလိုပါက သက်ဆိုင်ရာဆက်စပ်ဌာနများ၏ ခွင့်ပြုထောက်ခံချက်များ ရယူ၍ အဆိုပါထောက်ခံချက်နှင့်အတူ သွင်းကုန်လိုင်စင်လျှောက်ထားရယူသင့်ပါသည်ဟု ဖော်ပြထားပါကြောင်း၊ United Honesty Business Co., Ltd သည် ၎င်းတို့ တင်သွင်းမည့် အခင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍ မတင်သွင်းမီ အချိန်ကတည်းကပင် e-Cigarette နှင့် e-Liquid ပစ္စည်းများဖြစ်နေသည်ကို သိရှိထားပြီးဖြစ်ပါကြောင်း၊ အမှုဖြစ်စဉ်နှင့်ပတ်သက်၍ ကုမ္ပဏီနှင့် ကုန်ပစ္စည်းရှင်းလင်းထုတ်ယူသည့် အေဂျင်စီတို့သည် ကုန်ပစ္စည်းတင်သွင်းခြင်း အတွက် MACCS System ဖြင့် သွင်းကုန်ကြေညာလွှာ (ID) ကို တင်သွင်းခဲ့ရာတွင် မူလတင်သွင်းထားသည့် သွင်းကုန် ကြေညာလွှာ (ID) ကို ဖျက်သိမ်း (Cancellation) ခွင့်ပြုရန် လျှောက်ထားခဲ့ပြီးနောက် ဒုတိယအကြိမ်သွင်းကုန်

ကြေညာလွှာ (ID) ထပ်မံဖွင့်လှစ်ခဲ့ကြောင်း၊ အဆိုပါ သွင်းကုန်ကြေညာလွှာကို ဖျက်သိမ်း (Cancellation) ခွင့်ပြုရန် ထပ်မံလျှောက်ထားလာသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ အဆိုပါ သွင်းကုန်ကြေညာလွှာသည် MACCS System အရ Selectivity-3 ဟု သတ်မှတ်ခံထားရပြီး ပစ္စည်းများကို ဖွင့်ဖောက်စစ်ဆေးမှုခံယူပြီးမှ ထုတ်ယူရမည်ဖြစ်ပါကြောင်း၊ ထိုသို့ သွင်းကုန်ကြေညာလွှာကို ဖျက်သိမ်း (Cancellation) ခွင့်ပြုရန် အကြိမ်ကြိမ်ကြိုးပမ်းခြင်းသည် မရိုးမဖြောင့်သော သဘောဟု သုံးသပ်နိုင်ကြောင်း၊ အဆိုပါ သွင်းကုန်ကြေညာလွှာ (ID) ဖြင့် တင်သွင်းလာသည့်ပစ္စည်းများကို အကောက်ခွန်စစ်ဆေးရေးအဖွဲ့က မျက်မြင်စစ်ဆေးရာတွင်လည်း သွင်းကုန်လိုင်စင်တွင် စက်မှုကုန်ကြမ်း (Raw for Industry) ဟု ကြေညာထားသော်လည်း၊ အကောက်ခွန်အရာရှိ၏ စစ်ဆေးတွေ့ရှိချက်နှင့် ပစ္စည်းများအပေါ်တွင် ရိုက်နှိပ်ထားသော စာအမှတ်အသားများအရ စက်မှုကုန်ကြမ်းများမဟုတ်ဘဲ အသင့်သုံးစွဲနိုင်သော ကုန်ချောပစ္စည်း (Finished Product) များဖြစ်နေခြင်း၊ e-Cigarette နှင့် ဆက်စပ်အသုံးပြုရသည့် e-Liquid များဖြစ်နေခြင်းတို့ကို စစ်ဆေးတွေ့ရှိခဲ့ရပါကြောင်း၊ ယခုအခင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍လည်း ရန်ကုန်လေဆိပ်ကုန်လှောင်ရုံသို့ အခင်းဖြစ်ပစ္စည်းများရောက်ရှိပြီးမှ သွင်းကုန်လိုင်စင် ခွင့်ပြုချက်ရရှိခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ e-Cigarette နှင့် e-Liquid ပစ္စည်းများ တင်သွင်းခြင်းဖြစ်ပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ခွင့်ပြုထောက်ခံချက်ရယူ၍ တင်သွင်းရမည်ဖြစ်သော်လည်း ခွင့်ပြုထောက်ခံချက်မပါဘဲ တင်သွင်းလာခြင်းဖြစ်သည့်အတွက် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈ နှင့် ၁၉ တို့အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သည့်အတွက် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လျှောက်ထားသူ ကုမ္ပဏီမှ တင်သွင်းလာခဲ့သည့် e-Cigarette နှင့် e-Liquid တို့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးကို အနှောင့်အယှက် များစွာဖြစ်စေသည့်အပြင် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေခြင်း၊ e-Cigarette တွင် နီကိုတင်းဓာတ်များစွာပါဝင်သဖြင့် အခြားမူးယစ်ဆေးဝါးများကဲ့သို့ စွဲလမ်းစေနိုင်ခြင်း၊ မြန်မာနိုင်ငံတွင် အများပြည်သူကျန်းမာရေးကို ရှေးရှု၍ စီးကရက် တင်သွင်းမှုကို ပိတ်ပင်တားမြစ်ထားသည်ဖြစ်ရာ e-Cigarette သည်လည်း နီကိုတင်းဓာတ်ပါဝင်မှုများသဖြင့် စီးကရက် အုပ်စုတွင်အကျုံးဝင်ခြင်း၊ အများပြည်သူကျန်းမာရေးအတွက် တင်သွင်းရန် ကန့်သတ်ထားသည့်ပစ္စည်းများ ဖြစ်နေခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ခွင့်ပြုထောက်ခံချက်ရယူ၍ တင်သွင်းရမည်ဖြစ်သော်လည်း ထောက်ခံချက်များမပါဘဲ စည်းမျဉ်းကန့်သတ်ချက်များနှင့်ဆန့်ကျင်၍ တင်သွင်းလာခြင်းတို့ကြောင့် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈ နှင့် ၁၉ တို့အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သည့်အတွက် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာဆောင်ရွက်ထားခြင်းဖြစ်သည့်အတွက် အယူခံလွှာကို ပလပ်ပေးပါရန် လျှောက်လဲသည်။

ခုံအဖွဲ့သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်များကို ကြားနာပြီး ဖြစ်သည့်အပြင် လျှောက်ထားခံရသူက ချေလွှာနှင့်အတူ ပေးပို့လာသည့် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်းဆိုင်ရာ အမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက်များကိုသာမက တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများကို ရှာဖွေကြည့်ရှုလေ့လာခဲ့သည်။ ထိုသို့ လေ့လာခဲ့ရာတွင် လျှောက်ထားသူသည် အစိုးရဌာနများက ချမှတ်ထားသော လမ်းညွှန်စည်းကမ်းချက်များကို အမြဲလိုက်နာဆောင်ရွက်နေသော ကုမ္ပဏီဖြစ်သည်ဟု တင်ပြထားသော်လည်း ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်သော်လည်းကောင်း၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအတွက် မှတ်ပုံတင်လက်မှတ်သော်လည်းကောင်း၊ ရယူထားခြင်း ရှိ မရှိ ဆိုင်သင့်ဆိုင်ရာ အထောက်အထားများ တင်ပြထားသည်ကို မတွေ့ရှိရခြင်း၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီး ကာကွယ်ရေးဗဟိုကြီးကြပ်မှုအဖွဲ့ထံ ထောက်ခံချက်လျှောက်ထားရာတွင်လည်းကောင်း၊ ကုန်သွယ်ရေးဦးစီးဌာနထံ သွင်းကုန်လိုင်စင်လျှောက်ထားရာတွင်လည်းကောင်း အခင်းဖြစ်ပစ္စည်းများကို မိမိ၏ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ဆိုင်ရာလုပ်ငန်းတွင် စက်မှုကုန်ကြမ်း (Raw for Industry) အဖြစ် မည်သည့်နေရာ၌ မည်သို့အသုံးပြုမည်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်အောင် တင်ပြထားသည်ကို မတွေ့ရှိရခြင်း၊ ဗဟိုကြီးကြပ်မှုအဖွဲ့ထံမှ ထောက်ခံချက်ရယူရန် လျှောက်လွှာ နှင့်အတူ ပူးတွဲတင်ပြခဲ့သည့် ရောင်းချသူက ပေးပို့သည့် Certificate of Analysis (CoA) အထောက်အထားများအရ

သက်တမ်းလွန်ပစ္စည်းများကို တင်သွင်းခွင့်ပြုရန် လျှောက်ထားခဲ့သည်ဟု မှတ်ယူဖွယ် တွေ့ရှိရခြင်းတို့ကြောင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ၊ နည်းဥပဒေများနှင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာခဲ့သည်ဟု မဆိုနိုင်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် လျှောက်ထားခံရသူဘက်မှ တင်ပြထားသည့် အထောက်အထားများအရ အခင်းဖြစ်ပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ကြိုတင် ရောက်ရှိခဲ့ပြီးမှ လိုအပ်သည့်ထောက်ခံချက်နှင့် သွင်းကုန်လိုင်စင်ရယူခဲ့ခြင်း၊ ပစ္စည်းများရွေးယူရန် သွင်းကုန်ကြေညာလွှာ တင်သွင်းပြီး ဖွင့်ဖောက်စစ်ဆေးခြင်းခံရမည်ကို သေချာစွာသိရှိရပြီးနောက်တွင်မှ သွင်းကုန်ကြေညာလွှာကို ဖျက်သိမ်းခွင့်ပြုရန် တင်ပြမှုများရှိခဲ့ခြင်း၊ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာတွင် သွင်းကုန်လိုင်စင်၌ စက်မှုကုန်ကြမ်း (Raw for Industry) ဟု ကြေညာထားသော်လည်း အသင့်သုံးစွဲနိုင်သော ကုန်ချော (Finished Product) ဖြစ်သည့် e-Cigarette နှင့် ဆက်စပ်အသုံးပြုရသည့် e-Liquid များကို တွေ့ရှိရခြင်းကြောင့် သွင်းကုန်လိုင်စင်ပါဖော်ပြချက်နှင့် မြေပြင်တွေ့ရှိချက်တို့ ကွဲလွဲနေသဖြင့် လျှောက်ထားသူသည် တည်ဆဲဥပဒေ၊ နည်းဥပဒေများကိုသော်လည်းကောင်း၊ စည်းမျဉ်း စည်းကမ်းများကိုသော်လည်းကောင်း တိကျစွာလိုက်နာဆောင်ရွက် ခဲ့ခြင်းမရှိဘဲ သွင်းကုန်လိုင်စင်ကိုရယူပြီး အခင်းဖြစ်ပစ္စည်းများကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ အမှုတွဲတွင်ပေါ်ပေါက်သည့် အကြောင်းခြင်းရာများအရ အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ အကောက်ခွန်ဦးစီးဌာနက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမိန့်ချမှတ်ခဲ့ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

အကောက်ခွန်ဦးစီးဌာန၊ ထုတ်ကုန် သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူးက ချမှတ်သည့် ၂၅-၅-၂၀၂၀ ရက်စွဲပါ အမိန့်စာအမှတ်၊ ၁-ရာ/ကလရ/၂၀၂၀ (၁၉) ကို အတည်ပြုလျက် ဤအယူခံလွှာကို **ပလပ်** လိုက်သည်။

| | | |
|---|---|---|
| ရီရီမြင့် | ဇေယျကြည်ညွန့် | ဝင်းနိုင် |
| အဖွဲ့ဝင် | အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

## ၂၀၂၀ ပြည့်နှစ်၊ အကောက်ခွန်အယူခံမှုအမှတ်-၁၉

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| ဦးခွာစိမ်း [၁/မကန(နိုင်) ၁၀၅၈၉၀]<br>Managing Director<br>United Honesty Business Co., Ltd<br>အမှတ် (၄၅/ဘီ)၊ ယောမင်းကြီးလမ်း၊<br>ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | နှင့် | ညွှန်ကြားရေးမှူး၊<br>ထုတ်ကုန် သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊<br>အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။ |
| လျှောက်ထားသူအတွက် လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | လျှောက်ထားသူကိုယ်တိုင်။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးကျော်လင်းမြိုင်<br>(ဌာနဆိုင်ရာကိုယ်စားလှယ်)၊<br>လက်ထောက်ညွှန်ကြားရေးမှူး၊<br>အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် |

## စီရင်ချက်

အမှုမှာ United Honesty Business Co., Ltd က အမေရိကန်ပြည်ထောင်စုမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ AWB No. 9292639193 ဖြင့် ၃၁-၁၀-၂၀၁၉ ရက်နေ့တွင် ရောက်ရှိလာသည့် e-Cigarette, e-Liquid (12) Items၊ ခန့်မှန်းတန်ဖိုး ကျပ် ၄၄,၄၂၂,၀၀၀/- ခန့်ကို ထုတ်ယူခွင့်ပြုပါရန် သွင်းကုန်ကြေညာလွှာအမှတ် ID No. 100127251601 ဖြင့် ကြေညာတင်သွင်းခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀-၃-၂၀၂၀ ရက်စွဲပါ စာအမှတ် နဆရ/အထွေထွေ/မ-၁/၂၀၂၀/၅၀၁၈ အရ e- Cigarette နှင့် ၎င်းအတွက်ဆက်စပ်ပစ္စည်းများအား ပြည်သူလူထုအတွင်းရောက်ရှိရန် တင်သွင်းမှုအား လုံးဝကန့်ကွက်ပါကြောင်းနှင့် သဘောမတူနိုင်ပါကြောင်း အကြောင်းကြားထားသည့်အတွက် အခင်းဖြစ်ပစ္စည်းများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းသို့ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ခွင့်ပြုထောက်ခံချက်မပါဘဲ စည်းမျဉ်း ကန့်သတ်ချက်များအား ဆန့်ကျင်၍တင်သွင်းလာခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ထင်ရှားသဖြင့် အခင်းဖြစ်ပစ္စည်းများအား ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ အကောက်ခွန်ဦးစီးဌာနက ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းအပေါ် မကျေနပ်သဖြင့် အယူခံ လျှောက်ထားလာသည့် အမှုဖြစ်သည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို လက်ခံကြားနာခဲ့ရာတွင် လျှောက်ထားသူ ဦးခွာစိမ်းက လျှောက်လဲတင်ပြရာ၌ လျှောက်ထားသူ United Honesty Business Co., Ltd သည် အစိုးရဌာနများ၏ ချမှတ်ထားသော လမ်းညွှန်စည်းကမ်းချက်များကို အမြဲလိုက်နာဆောင်ရွက်နေသော ကုမ္ပဏီ ဖြစ်ပါကြောင်း၊ e-Juice ကို ၂၀၁၇ မှစတင်၍ သက်ဆိုင်ရာအစိုးရဌာနများ၏ ထောက်ခံချက်နှင့် စမ်းသပ်စစ်ဆေးပြီး နိုင်ငံတော်ကို တရားဝင်အခွန်ဆောင်ပြီးတင်သွင်းခဲ့သည်ကို Customs Release Order နှင့်တကွ တင်ပြကြောင်း၊ တင်သွင်းလုပ်ဆောင်ပုံအဆင့်ဆင့်မှာ USA မှ တင်သွင်းလိုပါက USA မှ တရားဝင် MSDS (Material Safety Data Sheet)/CoA (Certificate of Analysis) များကို ဦးစွာတောင်းခံရပါကြောင်း၊ ၎င်း MSDS/CoA ထောက်ခံချက်နှင့်အတူ မြန်မာနိုင်ငံရှိ NAL (National Analysis Laboratory) ရုံးတွင် ကနဦးဓာတ်ခွဲစမ်းသပ်ပြီး ပြည်တွင်း Chemical Analyze ထောက်ခံချက်ရယူရပါကြောင်း၊ ၎င်းထောက်ခံချက်နှင့်အတူ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (နေပြည်တော်) တွင် စစ်ဆေးပြီး ပြည်တွင်းတင်သွင်းခွင့်လျှောက်လွှာတောင်းခံရပါကြောင်း၊ United Honesty Business Co., Ltd မှ တင်သွင်းသော e-Juice သည် Chemical Compound ဖြစ်ခြင်းကြောင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ လျှောက်ထားခဲ့ခြင်းဖြစ်ပါကြောင်း၊ ရရှိလာသော ထောက်ခံချက်နှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (နေပြည်တော်) တွင် တင်သွင်းခွင့်လိုင်စင်လျှောက်ထားပြီး တင်သွင်းရပါကြောင်း၊ တရားဝင်ကုန်ပစ္စည်းတင်သွင်းခွင့်၊ တင်ပို့ခွင့် စာရွက်စာတမ်းများအပြည့်အစုံဖြင့် တင်သွင်းရသည့်ပစ္စည်းများသာ ဖြစ်ပါကြောင်း၊ ကုမ္ပဏီမှတင်သွင်းလာသော အခင်းဖြစ်ပစ္စည်းများသည် ရည်ညွှန်းချက်စာတွင်ပါရှိသကဲ့သို့ ပင်လယ် ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အား ကျူးလွန်ရာမရောက်ပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများမှာ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းခြင်းမပြုရန် တားမြစ်ကန့်သတ်ထားသော ကုန်ပစ္စည်းများမဟုတ်ပါကြောင်း၊ ပုဒ်မ ၁၉ အရပိတ်ပင်တားမြစ်ထားသည့်ပစ္စည်းများ မဟုတ်ကြသည့်အတွက် ပုဒ်မ ၁၆၇ (၈) အရ ဆောင်ရွက်ရန်မလိုအပ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အမိန့်စာအရ e-Cigarette နှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းမှုအား လုံးဝကန့်ကွက်ပါကြောင်းနှင့် သဘောမတူနိုင်ပါကြောင်း အကြောင်းကြားချက်အရ အကောက်ခွန်ဦးစီးဌာနမှ အခင်းဖြစ်ပစ္စည်းများအား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းမှာ ဥပဒေအား လိုသလိုဆွဲ၍ အသုံးပြုခဲ့ခြင်းသာဖြစ်ပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၉ တွင် ဝန်ကြီးဌာနတစ်ခုခု၏ သဘောမတူနိုင်ပါကြောင်း မည်သည့်အချိန်မဆို ကန့်ကွက်သည့်ပစ္စည်းကို တင်သွင်းခွင့်မရှိကြောင်း အတိအကျပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း၊ ဝန်ကြီးဌာနတစ်ခုအနေဖြင့် ကုန်ပစ္စည်းတစ်ခုခုအား မတင်သွင်းသင့်ကြောင်းဆုံးဖြတ်ပါက ဥပဒေနှင့်ညီစေရန် ကြိုတင်၍ကြော်ငြာခြင်း၊ အမိန့်တစ်စုံတစ်ရာထုတ်ခြင်း ကြိုတင်ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ကြော်ငြာထားပါလျက် ပစ္စည်းတင်သွင်းပါမှ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အား ဖောက်ဖျက်ရာရောက်မည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားငွေကြိုတင်ပေးသွင်း၍ အကုန်အကျများစွာခံပြီး ဥပဒေနှင့်အညီ အစစ်ဆေးခံတင်သွင်းလာသောပစ္စည်းများအား ပစ္စည်းများရောက်ရှိချိန်မှ

မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှ စစ်ဆေးအတည်ပြုချက်၊ အကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ သဘောမတူညီကြောင်း ကန့်ကွက်ရုံမျှဖြင့် လိုက်နာဆောင်ရွက်ပါက နိုင်ငံ၏စီးပွားရေးကဏ္ဍအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးနေသော ကုမ္ပဏီများ၏ အကျိုးစီးပွားကို များစွာထိခိုက်နစ်နာပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများသည် ဗြိတိန်၊ အမေရိကန်၊ တရုတ်နိုင်ငံကြီးများတွင် ဆေးလိပ်အန္တရာယ်ကင်းဝေးစေရန် တရားဝင်ထောက်ခံချက်ဖြင့် ထုတ်လုပ်ရောင်းချနေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် တစ်ဆင့်ကြားစကားအရ (ဓာတ်ခွဲစမ်းသပ်ခြင်း၊ အသေးစိတ်စစ်ဆေးခြင်းမရှိဘဲ) သဘောမတူဟု ကန့်ကွက်ရခြင်းမှာ သဘာဝမကျပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများကို တရားဝင်တင်သွင်းသူမှာ United Honesty Business Co., Ltd တစ်ခုတည်းသာရှိသည်ဟု သိရှိရပါကြောင်း၊ အယူခံလျှောက်ထားသူကုမ္ပဏီမှ ထောက်ခံချက်များ၊ စာရွက်စာတမ်းများ စုံလင်စွာ တရားဝင်တင်သွင်းလာခြင်းကို အကောက်ခွန်ဌာနမှ ဝန်ကြီးဌာန၏စာတစ်စောင်ကို အကြောင်းပြပိတ်ပင်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏အဆင့်အမြင့်ဆုံး ဥပဒေပြုပြည်သူ့လွှတ်တော်မှ ထုတ်ပြန်သော ဥပဒေတစ်ရပ်ပင် ထုတ်ပြန်သောနေ့၏ နောက်ပိုင်းရက်များတွင်သာ အသက်ဝင်လိုက်နာရပါကြောင်း၊ ဥပဒေမထွက်ခင်က အမှုကိစ္စများအား နောက်ကြောင်းပြန်အရေးယူခြင်းမပြုကြပါကြောင်း၊ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဌာနဆိုင်ရာအချင်းချင်း ထုတ်ပြန်သောစာမှာ နိုင်ငံအတွင်းရောက်ရှိနေသော အခင်းဖြစ်ပစ္စည်းများနှင့် မသက်ဆိုင်ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ခဲ့သောအမိန့်မှာ ဥပဒေအရလည်းကောင်း၊ အချက်အလက်များအရလည်းကောင်း များစွာမှားယွင်းနေသည့်အတွက် ၂၅-၅-၂၀၂၀ ရက်စွဲပါ အမိန့်အား ဖျက်သိမ်း၍ တရားဝင်အထောက်အထားများဖြင့် တင်သွင်းလာသော အခင်းဖြစ်ပစ္စည်းများအား ပိုင်ရှင်သို့ ပြန်လည်ပေးအပ်စေလိုပါကြောင်း လျှောက်လဲသည်။

လျှောက်ထားခံရသူကိုယ်စား အကောက်ခွန်ဦးစီးဌာနမှ ဌာနဆိုင်ရာကိုယ်စားလှယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လင်းမြိုင် က ချေပလျှောက်လဲရာ၌ အခင်းဖြစ် e-Cigarette, e-Liquid များနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ညှိနှိုင်းအကြောင်းကြားခဲ့ရာ e-Cigarette တွင် နီကိုတင်းဓာတ်များစွာပါဝင်သဖြင့် အခြားမူးယစ်ဆေးဝါးများကဲ့သို့ စွဲလမ်းခြင်း၊ ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေခြင်း၊ အာရုံစူးစိုက်နိုင်မှု ကျဆင်းလာခြင်း၊ သင်ယူနိုင်စွမ်းရည်နည်းပါးလာခြင်းအပြင် စိတ်ကစဉ့်ကလျားဖြစ်သည်အထိ ခံစားရခြင်း၊ e-Cigarette တွင် ပါဝင်သောဓာတုဆေးရည်ကြောင့် ရေရှည်တွင် အဆုတ်နှင့် အသက်ရှူလမ်းကြောင်းကို ထိခိုက်ပျက်စီးစေသကဲ့သို့ နောက်ဆက်တွဲ ကင်ဆာရောဂါများကိုလည်း ဖြစ်ပွားစေနိုင်ခြင်း၊ e-Cigarette ပေါက်ကွဲမှုကြောင့် ပြင်းထန်သောထိခိုက်ဒဏ်ရာများရရှိနိုင်ခြင်း၊ e-Cigarette သောက်သုံးသူများမှ ထွက်လာသောအငွေ့များသည် ပတ်ဝန်းကျင်လူအများ ရှူရှိုက်မိပါက အန္တရာယ်ဖြစ်စေနိုင်ခြင်း အစရှိသော များပြားလှသည့် အန္တရာယ်များဖြစ်ပေါ်စေနိုင်ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ အခန်း (၁)၊ နိုင်ငံတော်အခြေခံမူများ၊ အပိုဒ် ၂၈ (က) တွင် "ပြည်သူများ ပညာရေးနှင့် ကျန်းမာရေးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်။" ဟု ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် e-Cigarette သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်များစွာဖြစ်စေသည့်အပြင် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေသည့်အတွက် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ခြင်းလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်နေရသည့်အချိန်ဖြစ်၍ လူကို အန္တရာယ်ဖြစ်စေသည့် e-Cigarette နှင့် ၎င်းအတွက်ဆက်စပ်ပစ္စည်းများအား ပြည်သူလူထုအတွင်းရောက်ရှိရန် တင်သွင်းခွင့်အား လုံးဝကန့်ကွက်ပါကြောင်းနှင့် သဘောမတူနိုင်ပါကြောင်းဖော်ပြ၍ အကြောင်းပြန်ကြားလာခဲ့ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသို့ အခင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍ ညှိနှိုင်းအကြောင်းကြားခဲ့ရာ United Honesty Business Co., Ltd မှ ကုန်သွယ်ရေးဦးစီးဌာနသို့ အဆိုပါ Raw For Industry Items များအား သွင်းကုန်လိုင်စင် လျှောက်ထားခဲ့ရာ၌ ကုန်သွယ်ရေးဦးစီးဌာနမှ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့၏ တင်သွင်းခွင့် ထောက်ခံချက်ပူးတွဲပါရှိခြင်း၊ ကုမ္ပဏီမှ တင်ပြသည့် အသုံးပြုပုံရှင်းလင်းချက်တွင် Vape စက်ပစ္စည်း၌ အသုံးပြုရန်ဟု ဖော်ပြထားခြင်းကြောင့် သွင်းကုန်လိုင်စင်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ကုမ္ပဏီမှ Vape စက်ပစ္စည်း၌ အသုံးပြုရန် e-Liquid များ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ သဘောထားတောင်းခံခဲ့ပါကြောင်း၊ Raw For Industry Items များနှင့်ပတ်သက်၍ ကွဲလွဲမှုများရှိပါက အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းအရသာ ဆောင်ရွက်ရန် ဟု အကြောင်းပြန်ကြားလာခဲ့ပါကြောင်း၊ ကုန်သွယ်ရေးဦးစီးဌာနမှ အကြောင်းပြန်ကြားချက်တွင်

ယင်းကိစ္စနှင့်ပတ်သက်၍ တင်သွင်းခွင့်ပြုရန် သင့် မသင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မည်သို့သဘောထားမှတ်ချက်ပြုထားသည်ဆိုသည့်ကိစ္စအား ထည့်သွင်းဖော်ပြထားခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ၎င်းပြင်အကောက်ခွန်ဦးစီးဌာနသည် လျှောက်ထားသူကုမ္ပဏီမှ တင်သွင်းလာခဲ့သည့် အခင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ညှိနှိုင်းအကြောင်းကြားခဲ့ရာလျှောက်ထားသူကုမ္ပဏီမှ ပြည်တွင်းသို့တင်သွင်းရန် ထောက်ခံချက်လျှောက်ထားလာသည့် Raw For Industry (Chemically Prepared Liquid) များသည် Vape Machine (e-Cigarette.....သောက်တံ) အတွင်း ထည့်သွင်းအသုံးပြုမည့် e-Cigarette (Liquid) များဖြစ်ကြောင်း ကုမ္ပဏီမှ ထောက်ခံချက်လျှောက်ထားစဉ် ပူးတွဲတင်ပြထားသည့်စာရွက်စာတမ်းအထောက်အထားများအရ သိရှိရပါသည် ဟု အကြောင်းပြန်ကြားလာခဲ့ပါကြောင်း၊ e- Cigarette များတင်သွင်းလာမှုနှင့်ပတ်သက်၍ ကုန်သွယ်ရေးဦးစီးဌာနမှ သုံးသပ်ထားသည်မှာ e-Cigarette သည် နီကိုတင်းပါဝင်သောစီးကရက်တစ်မျိုးဖြစ်သဖြင့် နိုင်ငံအများစုတွင် တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့ကို ပိတ်ပင်ထားပြီး အချို့သောနိုင်ငံများတွင် သောက်သုံးမှုကို တင်းကြပ်သောစည်းကမ်းများဖြင့် ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း ကျန်းမာရေးကိုဆိုးကျိုးသာဖြစ်စေသည့် စီးကရက်တင်သွင်းမှုကိုပိတ်ပင်ထားသည်ဖြစ်ရာ နီကိုတင်းပါဝင်သည့် e-Cigarette သည်လည်း အကျုံးဝင်မည်ဟု သုံးသပ်ရပါကြောင်း၊ e-Cigarette တွင် အသုံးပြုသော e-Liquid များ တင်သွင်းခြင်းနှင့်ပတ်သက်၍ တင်သွင်းခွင့်မပြုသင့်ပါကြောင်းနှင့် အခြားသောကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသုံးပြုရန်တင်သွင်းလိုပါက သက်ဆိုင်ရာဆက်စပ်ဌာနများ၏ ခွင့်ပြုထောက်ခံချက်များရယူ၍ အဆိုပါထောက်ခံချက်နှင့်အတူ သွင်းကုန်လိုင်စင်လျှောက်ထားရယူသင့်ပါသည် ဟု ဖော်ပြထားပါကြောင်း၊ United Honesty Business Co., Ltd သည် ၎င်းတို့ တင်သွင်းမည့် အခင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍ မတင်သွင်းမီအချိန်ကတည်းကပင် e-Cigarette နှင့် e-Liquid ပစ္စည်းများဖြစ်နေသည်ကို သိရှိထားပြီးဖြစ်ပါကြောင်း၊ အမှုဖြစ်စဉ်နှင့်ပတ်သက်၍ ကုမ္ပဏီနှင့်ကုန်ပစ္စည်းရှင်းလင်းထုတ်ယူသည့် အေဂျင်စီတို့သည် ကုန်ပစ္စည်းတင်သွင်းခြင်းအတွက် MACCS System ဖြင့်သွင်းကုန်ကြေညာလွှာ (ID) ကို တင်သွင်းခဲ့ရာတွင် မူလတင်သွင်းထားသည့် သွင်းကုန်ကြေညာလွှာ (ID) ကို ဖျက်သိမ်း (Cancellation) ခွင့်ပြုရန် လျှောက်ထားခဲ့ပြီးနောက် ဒုတိယအကြိမ် သွင်းကုန်ကြေညာလွှာ (ID) ထပ်မံဖွင့်လှစ်ခဲ့ကြောင်း၊ အဆိုပါ သွင်းကုန်ကြေညာလွှာကို ဖျက်သိမ်း (Cancellation) ခွင့်ပြုရန် ထပ်မံလျှောက်ထားလာသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ အဆိုပါ သွင်းကုန်ကြေညာလွှာသည် MACCS System အရ Selectivity-3 ဟု သတ်မှတ်ခံထားရပြီးပစ္စည်းများကို ဖွင့်ဖောက်စစ်ဆေးမှုခံယူပြီးမှ ထုတ်ယူရမည်ဖြစ်ပါကြောင်း၊ ထိုသို့ သွင်းကုန်ကြေညာလွှာကို ဖျက်သိမ်း (Cancellation) ခွင့်ပြုရန် အကြိမ်ကြိမ် ကြိုးပမ်းခြင်းသည် မရိုးမဖြောင့်သောသဘောဟု သုံးသပ်နိုင်ကြောင်း၊ အဆိုပါ သွင်းကုန်ကြေညာလွှာ (ID) ဖြင့် တင်သွင်းလာသည့်ပစ္စည်းများကို အကောက်ခွန်စစ်ဆေးရေးအဖွဲ့ကမျက်မြင်စစ်ဆေးရာတွင်လည်း သွင်းကုန်လိုင်စင်တွင် စက်မှုကုန်ကြမ်း (Raw For Industry) ဟု ကြေညာထားသော်လည်း၊ အကောက်ခွန်အရာရှိ၏ စစ်ဆေးတွေ့ရှိချက်နှင့် ပစ္စည်းများအပေါ်တွင် ရိုက်နှိပ်ထားသော စာအမှတ်အသားများအရစက်မှုကုန်ကြမ်းများမဟုတ်ဘဲ အသင့်သုံးစွဲနိုင်သော ကုန်ချောပစ္စည်း (Fisnished Product) များဖြစ်နေခြင်း၊ e-Cigarette နှင့် ဆက်စပ်အသုံးပြုရသည့် e-Liquid များဖြစ်နေခြင်းတို့ကို စစ်ဆေးတွေ့ရှိခဲ့ရပါကြောင်း၊ ယခုအခင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍လည်း ရန်ကုန်လေဆိပ်ကုန်လှောင်ရုံသို့ အခင်းဖြစ်ပစ္စည်းများရောက်ရှိပြီးမှ သွင်းကုန်လိုင်စင်ခွင့်ပြုချက်ရရှိခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ e-Cigarette နှင့် e-Liquid ပစ္စည်းများ တင်သွင်းခြင်းဖြစ်ပါကကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ခွင့်ပြုထောက်ခံချက်ရယူ၍တင်သွင်းရမည်ဖြစ်သော်လည်း ခွင့်ပြုထောက်ခံချက်မပါဘဲ တင်သွင်းလာခြင်းဖြစ်သည့်အတွက် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈ နှင့် ၁၉ တို့အားဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သည့်အတွက် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရပြည်သူ့ဘဏ္ဍာသိမ်းဆည်းရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လျှောက်ထားသူကုမ္ပဏီမှ တင်သွင်းလာခဲ့သည့် e-Cigarette နှင့် e-Liquid တို့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးကို အနှောင့်အယှက်များစွာဖြစ်စေသည့်အပြင်ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေခြင်း၊ e-Cigarette တွင် နီကိုတင်းဓာတ်များစွာပါဝင်သဖြင့် အခြား မူးယစ်ဆေးဝါးများကဲ့သို့ စွဲလမ်းစေနိုင်ခြင်း၊ မြန်မာနိုင်ငံတွင် အများပြည်သူကျန်းမာရေးကို ရှေးရှု၍ စီးကရက်တင်သွင်းမှုကိုပိတ်ပင်တားမြစ်ထားသည်ဖြစ်ရာ e-Cigarette သည်လည်း နီကိုတင်းဓာတ်ပါဝင်မှုများသဖြင့် စီးကရက်အုပ်စုတွင်အကျုံးဝင်ခြင်း၊ အများပြည်သူကျန်းမာရေးအတွက် တင်သွင်းရန် ကန့်သတ်ထားသည့်ပစ္စည်းများဖြစ်နေခြင်း၊

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ခွင့်ပြုထောက်ခံချက်ရယူ၍ တင်သွင်းရမည်ဖြစ်သော်လည်း ထောက်ခံချက်များ မပါဘဲ စည်းမျဉ်းကန့်သတ်ချက်များနှင့်ဆန့်ကျင်၍ တင်သွင်းလာခြင်းတို့ကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၈ နှင့် ၁၉ တို့အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သည့်အတွက် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက် များနှင့်အညီ မှန်ကန်စွာဆောင်ရွက်ထားခြင်းဖြစ်သည့်အတွက် အယူခံလွှာကို ပလပ်ပေးပါရန် လျှောက်လဲသည်။

ခုံအဖွဲ့သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်များကို ကြားနာပြီးဖြစ်သည့် အပြင် လျှောက်ထားခံရသူက ချေလွှာနှင့်အတူ ပေးပို့လာသည့် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်းဆိုင်ရာ အမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက်များကိုသာမက တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ရှာဖွေကြည့်ရှုလေ့လာခဲ့သည်။ ထိုသို့ လေ့လာခဲ့ရာတွင် လျှောက်ထားသူသည် အစိုးရဌာနများက ချမှတ်ထားသော လမ်းညွှန်စည်းကမ်းချက်များကို အမြဲလိုက်နာဆောင်ရွက်နေသော ကုမ္ပဏီဖြစ်သည်ဟု တင်ပြထားသော်လည်း ဓာတု ပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်သော်လည်းကောင်း၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအတွက် မှတ်ပုံတင်လက်မှတ်သော်လည်းကောင်း ရယူထားခြင်း ရှိ မရှိ ဆိုင်သင့်ဆိုင်ရာ အထောက် အထားများ တင်ပြထားသည်ကို မတွေ့ရှိရခြင်း၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်မှုအဖွဲ့ထံ ထောက်ခံချက်လျှောက်ထားရာတွင်လည်းကောင်း၊ ကုန်သွယ်ရေးဦးစီးဌာနထံ သွင်းကုန်လိုင်စင် လျှောက်ထားရာတွင်လည်းကောင်း အခင်းဖြစ်ပစ္စည်းများကို မိမိ၏ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းတွင် စက်မှုကုန်ကြမ်း (Raw for Industry) အဖြစ် မည်သည့်နေရာ၌ မည်သို့အသုံးပြုမည်ဖြစ်ကြောင်း ထင်ရှား ပေါ်လွင်အောင် တင်ပြထားသည်ကို မတွေ့ရှိရခြင်း၊ ဗဟိုကြီးကြပ်မှုအဖွဲ့ထံမှ ထောက်ခံချက်ရယူရန် လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြခဲ့သည့် ရောင်းချသူက ပေးပို့သည့် Certificate of Analysis (CoA) အထောက်အထားများအရ သက်တမ်းလွန် ပစ္စည်းများကို တင်သွင်းခွင့်ပြုရန် လျှောက်ထားခဲ့သည် ဟု မှတ်ယူဖွယ်တွေ့ရှိရခြင်းတို့ကြောင့် ဓာတုပစ္စည်းနှင့်ဆက်စပ် ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ၊ နည်းဥပဒေများနှင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက် များကို တိကျစွာလိုက်နာခဲ့သည်ဟု မဆိုနိုင်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် လျှောက်ထားခံရသူဘက်မှ တင်ပြထားသည့် အထောက်အထားများအရ အခင်းဖြစ်ပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ကြိုတင်ရောက်ရှိခဲ့ပြီးမှ သွင်းကုန်လိုင်စင်ရယူခဲ့ခြင်း၊ ပစ္စည်းများရွေးယူရန် သွင်းကုန်ကြေညာလွှာတင်သွင်းပြီး ဖွင့်ဖောက်စစ်ဆေးခြင်းခံရမည်ကို သေချာစွာသိရှိရပြီးနောက်တွင်မှ သွင်းကုန်ကြေညာလွှာကို ဖျက်သိမ်းခွင့်ပြုရန် တင်ပြမှုများရှိခဲ့ခြင်း၊ အကောက်ခွန် စစ်ဆေးရေးအဖွဲ့က မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာတွင် သွင်းကုန်လိုင်စင်၌ စက်မှုကုန်ကြမ်း (Raw for Industry) ဟု ကြေညာထားသော်လည်း အသင့်သုံးစွဲနိုင်သော ကုန်ချော (Finished Product) ဖြစ်သည့် e-Cigarette နှင့် ဆက်စပ် အသုံးပြုရသည့် e-Liquid များကို တွေ့ရှိရခြင်းကြောင့် သွင်းကုန်လိုင်စင်ပါ ဖော်ပြချက်နှင့် မြေပြင်တွေ့ရှိချက်တို့ ကွဲလွဲနေသဖြင့် လျှောက်ထားသူသည် တည်ဆဲဥပဒေ၊ နည်းဥပဒေများကိုသော်လည်းကောင်း၊ စည်းမျဉ်းစည်းကမ်းများ ကိုသော်လည်းကောင်း တိကျစွာလိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိဘဲ သွင်းကုန်လိုင်စင်ကိုရယူပြီး အခင်းဖြစ်ပစ္စည်းများကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ အမှုတွဲတွင်ပေါ်ပေါက်သည့် အကြောင်းခြင်းရာများအရ အခင်းဖြစ် ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ အကောက်ခွန်ဦးစီးဌာနက ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းမိန့် ချမှတ်ခဲ့ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် အောက်ပါ အတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

အကောက်ခွန်ဦးစီးဌာန၊ ထုတ်ကုန်/သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူးက ချမှတ်သည့် ၂၅-၅-၂၀၂၀ ရက်စွဲပါ အမိန့်စာအမှတ်၊ ၁-ရာ/ကလရ/၂၀၂၀ (၁၀) ကို အတည်ပြုလျက် ဤအယူခံလွှာကို **ပလပ်** လိုက်သည်။

| | | |
|---|---|---|
| ဝင်းတင် | ဇေယျာကြည်ညွှန့် | ဦးကြည် |
| အဖွဲ့ဝင် | အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အခွန်အယူခံခုံအဖွဲ့

## ၂၀၂၁ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ် – ၃

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| ဦးမြင့်ဆွေ [၉/မမန (နိုင်) ၀၁၃၀၈၆)] အခန်း (၀၁၆)၊ အဆောက်အဦအမှတ် (၁/ခ)၊ ဘုရင့်နောင်တာဝါ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | နှင့် | မြို့နယ်အကောက်ခွန်ဦးစီးဌာန၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။ |
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးရွှေမင်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးပိုင်သူမိုးအောင် (ဌာနဆိုင်ရာကိုယ်စားလှယ်)၊ ဦးစီးအရာရှိ၊ အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | – | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် |

## စီရင်ချက်

အမှုမှာ (၂-၉-၂၀၂၀) ရက်နေ့ (၁၆:၀၀) နာရီ အချိန်ခန့်တွင် တရုတ်နိုင်ငံမှ မူဆယ်မြို့သို့ မန့်ဝိန်းဂိတ်ပေါက်မှတစ်ဆင့် ဝင်ရောက်လာသော တရုတ်နိုင်ငံထုတ် Dump Truck (၁၀) ဘီး မော်တော်ယာဉ် (၅) စီး၊ ခန့်မှန်းတန်ဖိုး ကျပ် (၄၀,၀၀၀,၀၀၀) အား မန့်ဝိန်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးစဉ် တရားဝင်တင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် ရပ်တန့်ထားခဲ့ပြီး (၄-၉-၂၀၂၀) ရက်နေ့အထိ ပိုင်ရှင်/ကိုယ်စားလှယ် တစ်ဦးတစ်ယောက်မျှ လာရောက်ဆက်သွယ်အကြောင်းကြားလာမှု မရှိခြင်းကြောင့် ယာယီတားဆီးထားခဲ့ရာ ထိုကာလအတွင်းတွင်လည်း တစ်ဦးတစ်ယောက်မျှ လာရောက်ဆက်သွယ်ရှင်းလင်းထုတ်ယူမှုမရှိခြင်းကြောင့် အခင်းဖြစ်မော်တော်ယာဉ်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းသို့ တရားဝင်တင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်မှုမရှိဘဲ ပိုင်ရှင်မဲ့တင်သွင်းလာခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (၃) တို့အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (၁) တို့အရ (၄-၁၁-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ခြင်းကို ကျေနပ်မှုမရှိသဖြင့် အယူခံတင်သွင်းလျှောက်ထားလာသည့် အမှုဖြစ်သည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို လက်ခံကြားနာခဲ့ရာတွင် လျှောက်ထားသူ၏ အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း က လျှောက်လဲတင်ပြရာ၌ လျှောက်ထားသူ စွမ်းအားကိုး ကုမ္ပဏီ (Power Nine Co., Ltd) သည် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ရှိ Linxin Co., Ltd ထံမှ Sino Truck, Model Year 2017 (5) Unit တန်ဖိုး USD 30,000 ဖြင့် ဝယ်ယူရန် (၁-၈-၂၀၂၀) ရက်နေ့တွင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုခဲ့ပါကြောင်း၊ လျှောက်ထားသူကုမ္ပဏီသည် ထိုင်းနိုင်ငံသား တစ်ဦးအပါအဝင် တရုတ်နိုင်ငံသားတစ်ဦးကိုလည်း ကုမ္ပဏီ၌ အစုရှယ်ယာပါဝင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ အစုရှယ်ယာရှင်အဖြစ် လျာထားသည့် တရုတ်နိုင်ငံသား ကွယ်လွန်သွားသဖြင့် ကုမ္ပဏီမှ ဝယ်ယူထားသည့် Sino Truck (၅) စီးကို ရွှေလီသို့ ပို့ပေးရန်ဖြစ်သော်လည်း ကုန်ရောင်း Linxin Co., Ltd သည် မြန်မာနိုင်ငံ မူဆယ်မြို့သို့ မှားယွင်းပို့ဆောင်ခဲ့ပါကြောင်း၊ ယင်းကား (၅) စီးသည် မန့်ဝိန်းစစ်ဆေးရေးဂိတ်ရှေ့လမ်းတစ်ဖက်ရှိ စိန်ကမ္ဘာကားဝင်းသို့ ရောက်ရှိရပ်နားထားသည်ကို သိရှိရပါကြောင်း၊ ကုမ္ပဏီမှ ဝယ်ယူခဲ့သည့်ကား (၅) စီးမှာ စာချုပ်အရ 2017 Model ဖြစ်သော်လည်း 2007 Model (၃) စီး၊ 2017 Model (၁)

စီးနှင့် 2020 Model (၁) စီးတို့ ဖြစ်နေသည်ကို စုံစမ်းသိရှိရပါကြောင်း၊ စာချုပ်နှင့် ကွဲလွဲတင်ပို့ခဲ့သည့် 2007 Model (၃) စီးသည် မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီမှ သတ်မှတ်သည့် တင်သွင်းခွင့်မရှိသော ကားများဖြစ်၍ ယင်းကား (၅) စီးလုံးကို တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့ရမည်ဖြစ်ပါကြောင်း၊ Covid–19 ကာလ Lockdown များ ချမှတ်ထားသဖြင့် ကုမ္ပဏီမှ သွားရောက်ဖြေရှင်းရန်အခက်အခဲရှိခြင်း၊ ကုန်ပို့ကုမ္ပဏီနှင့် ဆက်သွယ်ရန် အခက်အခဲများရှိခြင်းတို့ကြောင့် မလိုလားအပ်သောပြဿနာများ ကြုံတွေ့ခဲ့ရခြင်းဖြစ်ပါကြောင်း၊ သွင်းကုန်လိုင်စင်လျှောက်ထားမှု မပြုရသေးမီမှာပင် တစ်ဖက်နိုင်ငံမှ ကား (၅) စီးကို ရွှေလီသို့ ပို့ရမည့်အစား မူဆယ်သို့ ကြိုတင်ပို့ပေးခဲ့ခြင်းသည် လျှောက်ထားသူကုမ္ပဏီ၏ မှားယွင်းမှု မဟုတ်ပါကြောင်း၊ ထိုသို့သော အခြေအနေတွင် စိန်ကမ္ဘာ ကားဝင်းအတွင်းသို့ ရောက်ရှိနေသော အဆိုပါ ကား (၅) စီးနှင့်ပတ်သက်၍ တစ်ဦးတစ်ယောက်မျှ လာရောက်ဆက်သွယ် ဆောင်ရွက်ပေးခြင်းမရှိသည့်အတွက် မူဆယ်မြို့နယ် အကောက်ခွန် ဦးစီးဌာနမှ ပိုင်ရှင်မဲ့အဖြစ် ပြည်သူ့ဘဏ္ဍာသိမ်းဆည်း ခဲ့ခြင်းဖြစ်ပါကြောင်း၊ လျှောက်ထားသူကုမ္ပဏီသည် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ (၂၉–၁၁–၂၀၂၀) ရက်နေ့တွင် ပြန်လည်ထုတ်ယူခွင့်ရရှိရေးအတွက် အသနားခံလျှောက်ထားခဲ့သော်လည်း တစ်စုံတစ်ရာအကြောင်း ပြန်ကြားခြင်း မရရှိခဲ့ပါကြောင်း၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) အရ ကုန်းလမ်းအကောက်ခွန်အရာရှိသည် နိုင်ငံခြားပိုင်နယ်မြေတစ်ခုမှ တင်သွင်းလာသည့်ကုန်ပစ္စည်းဖြစ်သည်ဟု ယုံကြည်လျှင် ၎င်းကုန်ပစ္စည်းအတွက် ထုတ်ပေး ထားသော ပါမစ်ကို တောင်းဆိုနိုင်ပြီး အကောက်ခွန် ပေးဆောင်ထိုက်ပြီး ကုန်ပစ္စည်းသည် ပါမစ်နှင့်အတူမပါလျှင်ဖြစ်စေ၊ ပါမစ်နှင့်မကိုက်ညီလျှင်ဖြစ်စေ ယင်းကုန်ပစ္စည်းကိုတားဆီးခြင်း၊ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်း ပြုလုပ်နိုင်သော်လည်း ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃)၊ ဒုတိယစာပိုဒ်တွင် “ဤပုဒ်မခွဲ၌ပါရှိသည့် အချက်များသည် နိုင်ငံခြား နယ်နိမိတ်မှ ကုန်းလမ်းအကောက်ခွန်ရုံးသို့ သတ်မှတ်ထားသော လမ်းခရီးအတိုင်း ဖြတ်သန်းယူဆောင်လာသော သွင်းကုန် ပစ္စည်းများနှင့် မသက်ဆိုင်စေရ” ဟု ပြဋ္ဌာန်းထားရာ ကုန်းလမ်းအကောက်ခွန်ရုံးသို့ ဖြတ်သန်းခြင်းပင်မပြုရသေးသည့် အခင်းဖြစ်ယာဉ် (၅) စီးသည် ဤခြွင်းချက်၌ အကျုံးဝင်နေသဖြင့် ဌာနမှ ပုဒ်မ ၅ (၃) ကို ကျူးလွန်သည်ဟု စွပ်စွဲချက်မှာ မှားယွင်းနေပါကြောင်း၊ သိမ်းဆည်းမိန့် စာပိုဒ် ၂ ၌ပင် အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်သည်” ဟု ကောက်ယူသုံးသပ်ထားခြင်းမှာလည်း ဥပဒေပါပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ကွဲလွဲနေပါကြောင်း၊ လက်ရှိ တရုတ် – မြန်မာနယ်စပ် ကုန်သွယ်ရေးလုပ်ထုံးလုပ်နည်းအရ တရုတ်နိုင်ငံ၊ ရွှေလီမှ တင်သွင်းလာသော ကုန်ပစ္စည်းကို မူဆယ် မန့်ဝိန်းစစ်ဆေးရေးဂိတ်ရှိ အကောက်ခွန်အရာရှိထံ ဦးစွာသတင်းပို့ပြီး ထိုမှတစ်ဆင့် စာရွက်စာတမ်းအစုံအလင်ဖြင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ ထပ်မံသတင်းပို့ရပြီး ၎င်းမှတစ်ဆင့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ ကျသင့်အကောက်ခွန်နှင့် အခြားအခွန်အခများ ပေးဆောင်ရပါကြောင်း၊ ထိုသို့ ပေးဆောင်ပြီးပါက မြန်မာနိုင်ငံအတွင်းသို့ တရားဝင်တင်သွင်းမှုမြောက်ပါကြောင်း၊ ယခုအမှုတွင် မန့်ဝိန်းစစ်ဆေးရေးဂိတ်အဆင့်၌သာရှိသေးပြီး မူဆယ် ၁၀၅ မိုင်၊ လားရှိုးစသည်ဖြင့် အဆင့်ဆင့်ဖြတ်သန်းသယ်ဆောင်မှုမရှိသေးပါကြောင်း၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ စုစည်းဆောင်ရွက်နေဆဲအဆင့်၌သာ ရှိသေးပါကြောင်း၊ ပြည်တွင်းသို့ တင်သွင်းမှုမြောက်ရန် အဆင့်များစွာ ကျန်သေးပါကြောင်း၊ တစ်ဦးတစ်ယောက်မျှ လာရောက်ဆက်သွယ်ခြင်းမရှိဟု ကောက်ယူဆုံးဖြတ်ပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်ခြင်းသည် ဆန္ဒစော၍ လုပ်ဆောင်ခြင်းသာဖြစ်ပါကြောင်း၊ ထိုင်း – မြန်မာနယ်စပ် မြဝတီမြို့တွင် ထိုင်းနိုင်ငံမှ ကုန်ပစ္စည်းများတင်သွင်းပြီး မြဝတီမြို့ရှိ ကုန်သွယ်ရေးဇုန်အတွင်းထားရှိကာ ပေးဆောင်ရမည့် အခွန်အခများပေးဆောင်ပြီးနောက် ဇုန်အတွင်းမှကုန်ပစ္စည်းများကို ကားပေါ်တင်ဆောင်၍ ပြည်တွင်းသို့ သယ်ဆောင်ရသည့် လုပ်ထုံးလုပ်နည်းရှိပြီး ဇုန်အတွင်းထားရှိသည့်ကာလ၌ အကောက်ခွန်ဌာနက အရေးယူဆောင်ရွက်ခြင်း မပြုနိုင်ပါကြောင်း၊ သိမ်းဆည်းမိန့် စာပိုဒ် (၂) တွင် “သတ်မှတ်ထားသည့် ကာလအတွင်း မည်သူ တစ်ဦးတစ်ယောက်မျှ လာရောက်ဆက်သွယ်၍ ရှင်းလင်းထုတ်ယူမှုမပြုနိုင်ခြင်းတို့ကြောင့်” ဟု ဆိုထားသော်လည်း ထိုသို့ ကာလသတ်မှတ်ချက်ကို မည်သည့် ဥပဒေ၊ မည်သည့်အမိန့်ဖြင့်သတ်မှတ်ထားကြောင်း ဖော်ပြထားခြင်း မရှိပါကြောင်း၊ ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းရာတွင် ဦးစွာ သွင်းကုန်လိုင်စင်လျှောက်ထားရယူရပါကြောင်း၊ ထို့နောက် အကောက်ခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ဦးစီးဌာနသို့ သွင်းကုန်ကြေညာလွှာတင်သွင်းပြီး

ကျသင့်အခွန်များ ပေးဆောင်ရပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပြီးမှသာ တရားဝင်တင်သွင်းမှုမြောက်ပါကြောင်း၊ ယခုကိစ္စတွင် လျှောက်ထားသူသည် သွင်းကုန်လိုင်စင်လျှောက်ထားမှုမရှိသေးခြင်း၊ သွင်းကုန်ကြေညာလွှာ မတင်သွင်းရသေးခြင်းတို့ကြောင့် တင်သွင်းမှုပြုလုပ်သည်ဟု မဆိုနိုင်ပါကြောင်း၊ ထိုသို့ဆိုရခြင်းမှာ အခင်းဖြစ်ကား (၅) စီးသည် မူဆည်မြို့ မန့်ဝိန်းစစ်ဆေးရေးဂိတ်ရှေ့ရှိ စိန်ကမ္ဘာကားဝင်း၌သာရှိသေးပြီး ကားများကို မောင်းနှင်ယူဆောင်လာခြင်း လုံးဝမရှိသေးခြင်းဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ထားသည့် "မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၏ အပိုဒ် ၅၉ တွင် "ပုံမှန်ကုန်သွယ်မှုဖြင့် တင်ပို့ခွင့်ပြုသည့် နည်းလမ်းများ၌ "Re-export" ကို ဆောင်ရွက်ခွင့်ပြုထားကြောင်း၊ ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုပြုလုပ်ကြရာတွင် တစ်ခါတစ်ရံ မှားယွင်းမှုများ ကြုံတွေ့ကြလေ့ရှိကြောင်း၊ ကုန်ပို့နိုင်ငံမှ မှားယွင်းတင်ပို့ခဲ့သည့် ယာဉ်၊ ကုန်ပစ္စည်း စသည်တို့ကို အကောက်ခွန်ဦးစီးဌာနက ပြန်လည်တင်ပို့ခွင့် "Re-export" သို့မဟုတ် Re-Shipment ပြုလုပ်ခွင့်ပေးခဲ့သည့် သာဓကများစွာရှိပါကြောင်း၊ ယခုကိစ္စတွင် ကုန်ဝယ်သူ လျှောက်ထားသူ၏ မှားယွင်းမှုမျိုးမဟုတ်ဘဲ ကုန်ပို့သူ၏ မှားယွင်းမှုသာဖြစ်ပါကြောင်း၊ ကား (၅) စီးကိုလည်း ပြည်တွင်းသို့ မောင်းနှင်ယူဆောင်ခြင်းလည်း လုံးဝမရှိသေးကြောင်း အမှုတွဲမှတ်တမ်းများအရ ပေါ်လွင်နေကြောင်း၊ ထိုသို့သော အခြေအနေတွင် တရားမဝင်တင်သွင်းမှုဟု စွပ်စွဲကာ ပြည်သူ့ဘဏ္ဍာအဖြစ် အပြီးအပိုင်သိမ်းဆည်းမည်ဆိုပါက တရားမျှတမှုရှိမည်မဟုတ်ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာန၏ သိမ်းဆည်းအမိန့်တွင်လည်း မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိခဲ့ဟု ရိုးသားစွာ သုံးသပ်ထားသည်ကိုတွေ့ရပါကြောင်း၊ လျှောက်ထားသူအနေဖြင့်လည်း ဥပဒေအရ ခုခံဖြေရှင်းတင်ပြခွင့်လည်း မရရှိခဲ့ပါကြောင်း၊ လျှောက်ထားသူကုမ္ပဏီသည် တည်ထောင်ခါစဖြစ်၍ အတွေ့အကြုံမရှိသေးခြင်း၊ ကုန်ပို့နိုင်ငံက ရွှေလီသို့ ပို့မည့်အစား မူဆယ်မန့်ဝိန်းဂိတ်သို့ မှားယွင်းပို့ခဲ့မိခြင်း၊ Covid-19 Lockdown ကာလဖြစ်၍ နယ်မြေဒေသသို့ သွားရောက်ရန် ကန့်သတ်ချက်များရှိနေခြင်း၊ လျှောက်ထားသူကုမ္ပဏီက အခင်းဖြစ်မော်တော်ယာဉ် (၅) စီးအတွက် ကုန်ဖိုးငွေပေးချေပြီးဖြစ်ရာ ပြည်သူ့ဘဏ္ဍာအဖြစ် အပြီးအပိုင် သိမ်းဆည်းခြင်းခံရပါက မိမိနိုင်ငံသားများသာ နစ်နာမှုရှိခြင်း၊ အမှုဖြစ်စဉ်ကို ကြည့်ခြင်းဖြင့် တင်သွင်းမှုမမြောက်သေးသည်မှာ ထင်ရှားခြင်း၊ တင်သွင်းမှုမမြောက်သေး၍ တရားမဝင်တင်သွင်းသည့်သဘော ဌာနမှအရေးယူဆောင်ရွက်ခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်ထက် ကျော်လွန်လုပ်ဆောင်မှုသာဖြစ်ခြင်းတို့ကြောင့် လျှောက်ထားသူကုမ္ပဏီ၏ နစ်နာမှုကို ကုစားပေး၍ အကောက်ခွန်ဦးစီးဌာန၏အမိန့်ကို ရုံးတော်မှပယ်ဖျက်ပြီး အခင်းဖြစ်ကား (၅) စီးအား ပြန်လည်တင်ပို့ခွင့် Re-export/ Re-shipment ဆောင်ရွက်ခွင့်ပြုသည့် အမိန့်တစ်ရပ် ချမှတ်ပေးပါရန် သို့မဟုတ် တင်သွင်းမှု မမြောက်သေးသည့်အတွက် တရားဝင်တင်သွင်းမှုဖြစ်မြောက်စေရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ပြုသည့် အမိန့်တစ်ရပ် ချမှတ်ပေးပါရန် လျှောက်လဲသည်။

လျှောက်ထားခံရသူကိုယ်စား အကောက်ခွန်ဦးစီးဌာနမှ ဌာနဆိုင်ရာကိုယ်စားလှယ် ဦးစီးအရာရှိ ဦးပိုင်သူမိုးအောင် က ချေပလျှောက်လဲရာ၌ အခင်းဖြစ် Dump Truck (၁၀) ဘီး မော်တော်ယာဉ် (၅) စီးအား တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ တင်သွင်းဆောင်ရွက်ရာတွင် နှစ်နိုင်ငံဘက်မှ တင်သွင်း/တင်ပို့သည့် ကုမ္ပဏီများ ချိတ်ဆက်ဆောင်ရွက်၍ ကုမ္ပဏီဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်များမှ ၎င်းမော်တော်ယာဉ်ကို မောင်းနှင်မည့် ယာဉ်မောင်းများနှင့်အတူ မြန်မာနိုင်ငံဘက်ခြမ်း၌ စောင့်ဆိုင်းပြီး မူဆယ်မြို့ မန့်ဝိန်းအကောက်ခွန်စစ်ဆေးရေးဂိတ်တွင် တင်သွင်းခွင့်အထောက်အထား စာရွက်စာတမ်းများတင်ပြ၍ တာဝန်ကျအကောက်ခွန်အရာရှိထံ စစ်ဆေးမှုခံယူပြီးမှ ဖြတ်သန်းခွင့်ပြုပါကြောင်း၊ သို့ရာတွင် အခင်းဖြစ်ယာဉ်များအား (၂-၉-၂၀၂၀) ရက်နေ့တွင် တရုတ်နိုင်ငံမှ ခေါက်တိုယာဉ်မောင်းများဖြင့် မောင်းနှင်လာ၍ မြန်မာနိုင်ငံဘက်ရှိ မန့်ဝိန်းစစ်ဆေးရေးဂိတ်ရှေ့တွင် ရပ်တန့်ထားခဲ့ပြီး မြန်မာနိုင်ငံဘက်မှ မော်တော်ယာဉ်တင်သွင်းသည့် ကုမ္ပဏီ၏ ကုမ္ပဏီဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်များနှင့် ၎င်းမော်တော်ယာဉ်ကို မောင်းနှင်မည့် ယာဉ်မောင်းများ လာရောက်ချိတ်ဆက်ဆောင်ရွက်ခြင်းမရှိခဲ့ပါကြောင်း၊ မေးမြန်းစုံစမ်းမှုများ ဆောင်ရွက်ခဲ့ရာတွင်လည်း မြန်မာနိုင်ငံဘက်ခြမ်းမှ လာရောက်ဆက်သွယ်မောင်းနှင်ယူဆောင်မည့်သူအား မတွေ့ရှိရသည့်အပြင် တရားဝင်တင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထားများကိုလည်း မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်တင်ပြခြင်းမရှိသောကြောင့် ကုန်သွယ်မှုလမ်းကြောင်း ယာဉ်ကြောပိတ်ဆို့မှု

မဖြစ်ပေါ်စေရေးအတွက် မန့်ဝိန်းစစ်ဆေးရေးဂိတ်အနီးရှိ စိန်ကမ္ဗာဝင်းအတွင်း ယာယီထားရှိပြီး မော်တော်ယာဉ် (၅) စီး၏ သော့များကို ထိန်းသိမ်းထားခဲ့ရခြင်းဖြစ်ပါကြောင်း၊ မူဆယ်နယ်စပ်ဒေသရှိ ပုံမှန်ယာဉ်/ယန္တရားတင်သွင်းနေကြသည့် ကုမ္ပဏီများအား ဆက်သွယ်မေးမြန်းစုံစမ်းရာတွင်လည်း အဆိုပါ ကုမ္ပဏီများမှ တင်သွင်းထားခြင်းမရှိပါကြောင်း၊ အခင်းဖြစ်မော်တော်ယာဉ် (၅) စီးအား (၄-၉-၂၀၂၀) ရက်နေ့တွင် အမှုတွဲဖွင့်လှစ်၍ ယာယီတားဆီးမှု ဆောင်ရွက်ပြီးသည့်နောက် ယာဉ်ပိုင်ရှင် သို့မဟုတ် ကိုယ်စားလှယ်ဖြစ်သူ တစ်ဦးတစ်ယောက်မျှ တရားဝင်တင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထားများ တင်ပြမှုမရှိခြင်းကြောင့် (၄-၁၁-၂၀၂၀) ရက်နေ့တွင် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးမှူးက အခင်းဖြစ်ယာဉ် (၅) စီးအား ပိုင်ရှင်မဲ့ဖြင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် သိမ်းဆည်းမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ (၂၉-၁၁-၂၀၂၀) ရက်နေ့တွင် Power Nine Mining Company limited မှ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ အသနားခံလျှောက်ထားလာခဲ့သော်လည်း မော်တော်ယာဉ် (၅) စီးသည် သွင်းကုန်လိုင်စင်နှင့် တရားဝင်တင်သွင်းလာသည့် စာရွက်စာတမ်းအထောက်အထားများ တင်ပြခဲ့ခြင်း မရှိပါကြောင်း၊ အဆိုပါ မော်တော်ယာဉ် (၅) စီးသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ယာဉ်မှတ်ပုံတင်ထားခြင်း ရှိ မရှိ စာဖြင့်ဆက်သွယ်မေးမြန်းခဲ့ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (မူဆယ်) ခရိုင်ရုံးမှ (၃၀-၉-၂၀၂၀) ရက်စွဲပါ စာအမှတ်၊ တ ၂ မ - ၄၃၅/၂၀၂၀/၁၀၆၃ ဖြင့် မှတ်ပုံတင်ထားသည့် ယာဉ်များမဟုတ်ကြောင်း အကြောင်းပြန်ကြားလာပါကြောင်း၊ မည်သူမဆို လိုင်စင်လျှောက်ထားရယူပြီး တင်သွင်းရမည့် မော်တော်ယာဉ်များအား တင်သွင်းမည်ဆိုပါက မတင်သွင်းမီအချိန်ကပင် ပထမဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ သွင်းကုန်လိုင်စင်လျှောက်ထားရယူရမည်ဖြစ်ပါကြောင်း၊ သွင်းကုန်လိုင်စင်ရရှိပြီး တင်သွင်းလာသော မော်တော်ယာဉ်များအတွက် အကောက်ခွန်ဦးစီးဌာနတွင် သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်၍ အခွန်စည်းကြပ်ကောက်ခံပြီးနောက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးမှုခံယူပြီးမှ မော်တော်ယာဉ်များအား ထုတ်ယူခွင့်ပြုမည်ဖြစ်ပါကြောင်း၊ သွင်းကုန်လိုင်စင် (IL)/ သွင်းကုန်ကြေညာလွှာ (ID) မရှိဘဲ တရားမဝင်တင်သွင်းလာကြောင်း စစ်ဆေးတွေ့ရှိရပါက ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်သာဖြစ်ပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ ပြစ်မှုများအတွက် ပြစ်ဒဏ်ဇယား အမှတ်စဉ် (၈) ၌ "ဤအက်ဥပဒေအခန်း (၄) အရ တားမြစ်ထားဆဲဖြစ်သည့် သို့မဟုတ် စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို တားမြစ်ချက်သို့မဟုတ် စည်းမျဉ်းကန့်သတ်ချက်များနှင့်ဆန့်ကျင်၍ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလျှင်" ဟု ဖွင့်ဆိုထားပြီး၊ အဆိုပါ ပြစ်မှုအတွက် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈ နှင့် ၁၉ တို့ကို ရည်ညွှန်းထားပြီး၊ ချမှတ်ရမည့်ပြစ်ဒဏ်မှာ "ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံထိုက်စေရမည်" ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၁) တွင်လည်း "မည်သူမဆို ဤအက်ဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်ပျက်ကွက်လျှင်" ပြစ်ဒဏ်အနေဖြင့် "ပါဝင်ပတ်သက်သည့် ကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်" ဟု ဖော်ပြထားပါကြောင်း၊ ၂၀၁၂ ခုနှစ် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ (၆) တွင် "ခွင့်ပြုချက်ရယူရန် သတ်မှတ်ထားသောပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ တင်သွင်းခြင်းမပြုရ" ဟု ပြဋ္ဌာန်းထားပြီး၊ ပြစ်ဒဏ်အနေဖြင့် ပုဒ်မ ၁၀ တွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ သို့ဖြစ်ပါ၍ အယူခံလျှောက်ထားသူ Power Nine Co., Ltd မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dump Truck (၁၀) ဘီး မော်တော်ယာဉ် (၅) စီးအား သွင်းကုန်လိုင်စင် (IL)/ သွင်းကုန်ကြေညာလွှာ (ID) တင်ပြနိုင်ခြင်းမရှိဘဲ တရားမဝင်တင်သွင်းလာခဲ့ခြင်း၊ ပို့ကုန်သွင်းကုန်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ချိုးဖောက်ခြင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ အခန်း (၄) ကိုဆန့်ကျင်၍ တင်သွင်းလာခြင်းဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် အခင်းဖြစ်ပစ္စည်းများအား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းအရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာဆောင်ရွက်ထားခြင်းဖြစ်သဖြင့် အယူခံလွှာကို ပလပ်ပေးနိုင်ပါရန် လျှောက်လဲသည်။

လျှောက်ထားခံရသူ ဌာနဆိုင်ရာကိုယ်စားလှယ်၏ ချေပလျှောက်လဲချက်အပေါ် လျှောက်ထားသူ၏ အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း က ပြန်လည်ရှင်းလင်းလျှောက်လဲရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနသည် မှတ်ပုံတင်ထားခြင်းမရှိဟု အကြောင်းပြန်ကြားခဲ့ကြောင်း၊ ဌာနဆိုင်ရာကိုယ်စားလှယ်၏ လျှောက်လဲချက် အရ သိရှိရပါကြောင်း၊ မှတ်ပုံတင်ထားခြင်းမရှိဆိုသည်မှာ ခိုးသွင်းရန်လည်းမဟုတ်ပါကြောင်း၊ ခိုးပြီးမှတ်ပုံတင်နံပါတ် ယူထားခြင်းလည်း မဟုတ်ပါကြောင်း၊ ဤအချက်သည် လျှောက်ထားသူ၏ရိုးသားမှုကို ပေါ်လွင်စေပါကြောင်း၊ ရုံးတော်သို့ တင်ပြလိုသည်မှာ ကား (၅) စီးနှင့်စပ်လျဉ်း၍ သွင်းကုန်လိုင်စင် (IL) လည်းမရှိပါကြောင်း၊ သွင်းကုန်ကြေညာလွှာ (ID) လည်း မတင်ပြနိုင်ခဲ့သည်ကို အယူခံလွှာတွင် အထောက်အထားစုံစုံလင်လင်နှင့် တင်ပြပြီးဖြစ်ပါကြောင်း၊ ဤအချက်ကိုလည်း အငြင်းမပွားပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့် အချိန်မျိုးတွင် Lock Down များ ချထားသည့်အတွက် သွားလာ၍မရပါကြောင်း၊ အခက်အခဲများရှိနေပါကြောင်း၊ တရုတ်နိုင်ငံကစတင်ခဲ့သည့် ရောဂါဖြစ်သည့်အတွက် ၎င်းတို့ဆီမှာလည်း တင်းကြပ်နေမည်ဆိုသည်ကို စဉ်းစားနိုင်ပါကြောင်း၊ အသေအပျောက် နည်းအောင်ထိန်းချုပ်နိုင်သည်ကိုလည်းတွေ့ရပါကြောင်း၊ ထို့ကြောင့် အမှန်တကယ်ပြင်းထန်သည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် လုပ်နေရသောကာလမျိုးမှာ ဤကား (၅) စီးကို တင်သွင်းပြီးရင်ပြီးရောဆိုပြီး လုပ်ခဲ့သလားဆိုတာ စဉ်းစားစရာဖြစ်ပါကြောင်း၊ ရုံးတော်သို့ တင်ပြလိုသည်မှာ အထောက်အထားမရှိဆိုသည်ကို ရုံးတော်သို့ ရိုးရိုးသားသား တင်ပြလိုပါကြောင်း၊ စွပ်စွဲခံရသူ (Importer) အနေဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇-က သက်သေပြရန်တာဝန် (Burden of Proof) အခွင့်အရေးကို မရရှိခဲ့ပါကြောင်း၊ ထိုကဲ့သို့ မရရှိပါဘဲ တစ်ဖက်သတ် အမိန့်ချမှတ်ခဲ့ခြင်းသည် မှားယွင်းသောကိစ္စဖြစ်ပါကြောင်း၊ စီရင်ထုံးများတွင် ကျူးလွန်သူသည် လုံလောက်သောခုခံချေပခွင့်မရခဲ့ပါက အပြစ်မည်မျှကျူးလွန်ထားသည်ဖြစ်စေ ပြစ်ဒဏ်ချမှတ်လို့မရပါကြောင်း၊ ပြစ်ဒဏ်ချမှတ်ခဲ့လျှင် အမှုမှာပျက်ပြယ်သည့်အတွက် ရှုံးနိမ့်မည်ဖြစ်ပါကြောင်း၊ ဥပဒေအရပေးထားသော အခွင့်အရေး အဖြစ် သက်သေခံဥပဒေတွင် ပြဋ္ဌာန်းထားပါကြောင်း၊ ကန့်သတ်မိန့် ကာလဖြစ်ပါကြောင်း၊ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇-က ကိုမရခဲ့ပါ ဆိုသည့်အချက်များကို ရုံးတော်ကထည့်သွင်းစဉ်းစားပေးစေလိုပါ ကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေအရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းကို မှားယွင်းသည်ဟု မဆိုလိုပါကြောင်း၊ အရေးယူဆောင်ရွက်ခြင်းသည် စောသွားပါကြောင်း၊ ထိုသို့စောလွန်းသွားသည့်အတွက် ပင်လယ် ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇-က သက်သေပြရန်တာဝန် (Burden of Proof) ကို မတင်ပြနိုင်ခဲ့ပါကြောင်း၊ ဥပဒေအရ အရေးယူနိုင်သည်ဟု ပြဋ္ဌာန်းထားသဖြင့် ဥပဒေအရ ခုခံချေပခွင့်ရရှိအောင် ဥပဒေက သာတူညီမျှ ပြဋ္ဌာန်း ထားပါကြောင်း၊ တရားစီရင်ရေးဥပဒေများတွင်လည်း ပြဋ္ဌာန်းထားပါကြောင်း၊ ရုံးတော်၏ စီရင်ပိုင်ခွင့်/လုပ်ပိုင်ခွင့်အတွင်း ကုန်သွယ်ရေးဦးစီးဌာနက ခွင့်ပြုထားသည့် Re-export ဆောင်ရွက်၍ရပါကြောင်း (သို့) တင်သွင်းမှုမြောက်အောင်လည်း ကျသင့်အခွန်အခပေးဆောင်၍ ရွေးယူခွင့်ပြုပါရန်နှင့် လျှောက်ထားသူ၏နစ်နာမှုကို ထည့်သွင်းစဉ်းစားပေးပါရန် လျှောက်လဲသည်။

ခုံအဖွဲ့သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်များကို ကြားနာပြီး ဖြစ်သည့်အပြင် လျှောက်ထားခံရသူက ချေလွှာနှင့်အတူ ပေးပို့လာသည့် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်းဆိုင်ရာ အမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက်များကိုသာမက တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုပါ လေ့လာခဲ့သည်။ ထိုသို့ လေ့လာခဲ့ရာတွင် အခင်းဖြစ်မော်တော်ယာဉ် (၅) စီးသည် (၂-၉-၂၀၂၀) ရက်နေ့တွင် မန့်ဝိန်းဂိတ်ပေါက်မှတစ်ဆင့် ဝင်ရောက်လာပြီး၊ (၄-၉-၂၀၂၀) ရက်နေ့တွင် အမှုတွဲဖွင့်လှစ်၍ ယာယီတားဆီးမှုဆောင်ရွက်ပြီးသည့်နောက် ယာဉ်ပိုင်ရှင် သို့မဟုတ် ကိုယ်စားလှယ်ဖြစ်သူတစ်ဦးတစ်ယောက်မျှ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်းအထောက်အထားများ လာရောက် တင်ပြမှုမရှိခြင်းအပေါ် လိုင်စင်/ပါမစ် ခွင့်ပြုချက်မရဘဲ ကုန်ပစ္စည်းရောက်ရှိခြင်းအတွက် ဒဏ်ကြေးသတ်မှတ်တပ်ရိုက်ရမည့် ခွင့်ပြုကာလ ရက်ပေါင်း (၆၀) စောင့်ဆိုင်းကျော်လွန်ပြီးသည့် (၄-၁၁-၂၀၂၀) ရက်နေ့တွင်မှ မူဆယ်မြို့နယ် အကောက်ခွန် ဦးစီးဌာနမှူးက ပိုင်ရှင်မဲ့အဖြစ် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းသည့် အမိန့်ချမှတ်ခဲ့ခြင်း၊ အခင်းဖြစ်မော်တော်ယာဉ် (၅) စီးနှင့် စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ အသနားခံလျှောက်ထားရာတွင်လည်းကောင်း၊ အခွန်အယူခံခုံအဖွဲ့ ရုံးတော်သို့ အယူခံမှုလျှောက်ထားရာတွင်လည်းကောင်း လျှောက်ထားသူအမည်ပါ သွင်းကုန် လိုင်စင် (IL) နှင့် သွင်းကုန်ကြေညာလွှာ (ID) တို့ကို သက်သေပြရန်တာဝန်ရှိသည့် လျှောက်ထားသူက ပိုင်ရှင် ဖြစ်ကြောင်း ခိုင်မာသည့်အထောက်အထားများအဖြစ် မတင်ပြနိုင်ကြောင်း အငြင်းမပွားပေါ်ပေါက်ခြင်း၊ ကုန်ပို့သည့်

ကုမ္ပဏီနှင့်ချုပ်ဆိုသည့် စာချုပ်အရ မှားယွင်းမှုများပေါ်ပေါက်သည်ဟု လျှောက်လဲခြင်းသည် တစ်ဖက်ဘက်၏ ပေါ့လျော့မှု သို့မဟုတ် တာဝန်ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာသော ကောင်းကျိုးဆိုးပြစ်များဖြစ်၍ စာချုပ်တွင် ပါဝင်သူအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရန်သာဖြစ်ခြင်း၊ အခင်းဖြစ်မော်တော်ယာဉ် (၅) စီးကို ပိုင်ရှင်မဲ့အဖြစ် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းမိန့် ထုတ်ပြန်ခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်ပါကြောင်း လျှောက်ထားသူက ဝန်ခံလျှောက်ထားပြီးဖြစ်ခြင်းတို့ကြောင့် လျှောက်ထားသူသည် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရသည်။ သို့ဖြစ်၍ အခင်းဖြစ်ပစ္စည်းများအား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ထားခြင်းဖြစ်၍ မှားယွင်းသည်ဟုမဆိုနိုင်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်–

**အမိန့်**

ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၊ အကောက်ခွန်ဦးစီးဌာနမှူးက ချမှတ်သည့်(၄-၁၁-၂၀၂၀) ရက်စွဲပါ အမိန့်စာအမှတ်၊ ၁၁–မဆ/၂၀၂၀ (၀၁၅) ကို အတည်ပြုလျက် ဤအယူခံလွှာကို **ပလပ်** လိုက်သည်။

| ရီရီမြင့် | ဖေယျကြည်ညွန့် | ဦးကြည် |
|---|---|---|
| အဖွဲ့ဝင် | အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၃၉/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၂) ဦးတို့ကို ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်–

| စဉ် | အမည်၊ လက်ရှိရာထူးနှင့် လစာနှုန်း | တိုးမြှင့်သည့် ရာထူးနှင့် လစာနှုန်း |
|---|---|---|
| ၁။ | ဒေါ်ခင်ပပလင်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) |
| ၂။ | ဒေါ်အေးမို့မို့<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) |

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဥပဒေရေးရာဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၃၀၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

၁။ နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ ဥပဒေရေးရာဝန်ကြီးဌာနရှိ Legal Training Center/Legal Advocacy Center မြေနေရာခြံစည်းရိုးကာရံခြင်းလုပ်ငန်းနှင့် ဥပဒေရေးရာဝန်ကြီးဌာနရုံး အနောက်ဘက်ခြမ်း အဝင်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက် အမှတ် (၁/၂၀၁၇) တွင်ပါရှိသော တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေရေးရာဝန်ကြီးဌာန **တင်ဒါကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ် လိုက်သည်-

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၁) | ဦးစန်းလွင် | ဒုတိယဝန်ကြီးနှင့်<br>ဒုတိယရှေ့နေချုပ် | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာ သီသီမြင့် | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒေါ်ဖြူမာဝေ | ညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးကျော်ကျော်နိုင် | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါက်တာ ဆွေဆွေအောင် | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါ်သီသီရွှေ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးကျော်နိုင် | ညွှန်ကြားရေးမှူး<br>မြို့ပြလမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးညွန့်လွင် | ညွှန်ကြားရေးမှူး<br>ထောက်ပံ့နှင့် အဆောက်အဦဌာနခွဲ | အတွင်းရေးမှူး |

၂။ တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်မည့်အဆောက်အအုံပုံစံ DRAWING နှင့် အရည်အသွေးသတ်မှတ်ချက် စံချိန်စံညွှန်းများကို သတ်မှတ်ပေးခြင်း၊

(ခ) တည်ဆောက်ရေးလုပ်ငန်းတစ်ခုချင်းအလိုက် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူခြင်း၊

(ဂ) တည်ဆောက်ရေးလုပ်ငန်း တင်ဒါခေါ်ယူရာတွင် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်နှင့် စာရွက်စာတမ်း ပုံစံများ သတ်မှတ်ပေးခြင်း၊

(ဃ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့် နေရာနှင့် တင်ဒါ အောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက်တို့ကို သတ်မှတ်ကြေညာခြင်း၊

( င ) တင်ဒါအောင်မြင်သည့် ကုမ္ပဏီများကို သတ်မှတ်ချက်များနှင့်အညီ ကြေညာပေးခြင်း၊

( စ ) တင်ဒါအောင်မြင်သည့် ကုမ္ပဏီများနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့ လုပ်ငန်းအပ်နှံခြင်း စာချုပ်ချုပ်ဆိုရာတွင် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့ကို ဖွဲ့စည်း၍ ယင်းကော်မတီများ၏ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း၊

( ဇ ) တင်ဒါအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်းများဆောင်ရွက်ရန် သတ်မှတ်ခြင်း။

၃။ ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂၈/၂၀၂၁ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာသီတာဦး
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဥပဒေရေးရာဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃၀၆/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

၁။ နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ ဥပဒေရေးရာဝန်ကြီးဌာနရှိ Legal Training Center/ Legal Advocacy Center မြေနေရာ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းနှင့် ဥပဒေရေးရာဝန်ကြီးဌာန အနောက်ဘက်အဝင်လမ်း ကွန်ကရစ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) တွင်ပါရှိသော တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေရေးရာဝန်ကြီးဌာန “တင်ဒါကော်မတီ” သည် ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများကို အောက်ပါအတိုင်းဖွဲ့စည်း၍ တာဝန်ပေးအပ်လိုက်သည်-

(က) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၁) | ဦးစန်းလွင် | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာ သီသီမြင့် | ညွှန်ကြားရေးမှူးချုပ် စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒေါက်တာ ဆွေဆွေအောင် | ညွှန်ကြားရေးမှူးချုပ် ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးကျော်ကျော်နိုင် | ညွှန်ကြားရေးမှူးချုပ် ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်ဖြူမာဝေ | ညွှန်ကြားရေးမှူးချုပ် တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၆) | ဒေါက်တာ သီတာစန်း | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ရုံးအဖွဲ့ | အဖွဲ့ဝင် |
| (၇) | ဒေါ်သီသီရွှေ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးကျော်နိုင် | ညွှန်ကြားရေးမှူး<br>မြို့ပြလမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးညွှန့်လွင် | ညွှန်ကြားရေးမှူး<br>ထောက်ပံ့နှင့် အဆောက်အဦဌာနခွဲ | အတွင်းရေးမှူး |

ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပစ္စည်းလိုအပ်ချက်နှင့် လုပ်အားပမာဏများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော အခြေခံစံနှုန်း (Analysis of Roat) စာအုပ်အတိုင်း တွက်ချက်ရမည်။

(ခ) ဒေသအခြေအနေနှင့်ကိုက်ညီသော ဈေးနှုန်းများဖြစ်စေရန်အတွက် ပစ္စည်းဈေးနှုန်းများ၊ သယ်ယူပို့ဆောင်ရေးစရိတ်များ၊ လုပ်အားခများကို အမှန်တကယ် ဒေသပေါက်ဈေး (Market Prices) ကွာဟမှုနည်းနိုင်သမျှနည်းအောင် နည်းလမ်းများရှာဖွေသတ်မှတ်ခြင်း၊

(ဂ) တင်သွင်းသည့် ဈေးနှုန်းစာရင်းများကိုပြုစုရာတွင် အလွန်မြင့်မားသော ဈေးနှုန်းများမဖြစ်စေရန် အရေးကြီးသကဲ့သို့ အလွန်နည်းသောဈေးနှုန်းများလည်း မဖြစ်စေရန် ဂရုပြုဆောင်ရွက်ခြင်း။

**( ခ ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၁) | ဒေါက်တာ သီသီမြင့် | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာ ဆွေဆွေအောင် | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးကျော်ကျော်နိုင် | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါ်ဖြူမာဝေ | ညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါက်တာ သီတာစန်း | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ရုံးအဖွဲ့ | အဖွဲ့ဝင် |
| (၆) | ဒေါ်သီသီရွှေ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးမြင့်လွင် | ညွှန်ကြားရေးမှူး<br>ဘတ်ဂျက်နှင့် ငွေစာရင်းဌာနခွဲ | အဖွဲ့ဝင် |
| (၈) | ဦးကျော်နိုင် | ညွှန်ကြားရေးမှူး<br>မြို့ပြလမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၉) | ဦးညွန့်လွင် | ညွှန်ကြားရေးမှူး ထောက်ပံ့နှင့် အဆောက်အဦဌာနခွဲ | အတွင်းရေးမှူး |
| (၁၀) | ဦးချစ်ကို | လက်ထောက်ညွှန်ကြားရေးမှူး ထောက်ပံ့နှင့် အဆောက်အဦဌာနခွဲ | တွဲဖက်အတွင်းရေးမှူး |

ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

( ခ ) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

( ဂ ) တင်ဒါကော်မတီသို့ တင်ပြရမည့် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြုစုခြင်း၊

(ဃ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိ သုံးသပ်ဆုံးဖြတ်ခြင်း၊

( င ) ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် “လုပ်ငန်းလမ်းညွှန်” ပါ ဆောက်ရွက်ရမည့် အချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

( စ ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဆ) အဆိုပြုတင်သွင်းသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

( ဇ ) တင်ဒါကော်မတီမှ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

**( ဂ ) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (၁) | ဒေါ်သီသီရွှေ | ဒုတိယညွှန်ကြားရေးမှူးချုပ် စီမံရေးရာဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာ သီတာစန်း | ဒုတိယအမြဲတမ်းအတွင်းဝန် ရုံးအဖွဲ့ | အဖွဲ့ဝင် |
| (၃) | ဒေါ်အေးဝင်း | ဒုတိယညွှန်ကြားရေးမှူးချုပ် ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါက်တာ ကြည်ကြည်သန်းအောင် | ဒုတိယညွှန်ကြားရေးမှူးချုပ် ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်ယုယုခင် | ဒုတိယညွှန်ကြားရေးမှူးချုပ် တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးကျော်နိုင် | ညွှန်ကြားရေးမှူး မြို့ပြလမ်းဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒေါ်ကြည်ကြည်စမ်း | ဒုတိယညွှန်ကြားရေးမှူး ဘတ်ဂျက်နှင့် ငွေစာရင်းဌာနခွဲ | အဖွဲ့ဝင် |

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
| --- | --- | --- | --- |
| (၈) | ဦးဝင်းရီ | ဒုတိယညွှန်ကြားရေးမှူး ထောက်ပံ့နှင့် အဆောက်အဦဌာနခွဲ | အဖွဲ့ဝင် |
| (၉) | ဦးညွန့်လွင် | ညွှန်ကြားရေးမှူး ထောက်ပံ့နှင့် အဆောက်အဦဌာနခွဲ | အတွင်းရေးမှူး |

ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရည်အသွေးစစ်ဆေးခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်စစ်ဆေးခြင်း၊

( ခ ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုသည် စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

( ဂ ) လုပ်ငန်းအပ်နှံစာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဃ) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှု အစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

၂။ ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂၈/၂၀၂၁ အား ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

စန်းလွင်
ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

အမှတ် ၁။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူညီချက်အရ ပြန်ကြားရေး ဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့် ယှဉ်တွဲ ဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
| --- | --- | --- |
| ဒေါ်အိအိစိုး (ကပ-၆၄၀၉) | ဒုတိယညွှန်ကြားရေးမှူး (စာရင်း) (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | ညွှန်ကြားရေးမှူး (စာရင်း) (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန |

## (ဝန်ကြီးရုံး)

အမှတ် ၂။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| ဒေါ်မြင့်သီတာခိုင် (ကပ-၆၄၁၁) | လက်ထောက်ညွှန်ကြားရေးမှူး (အရောင်း) (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး (စာရင်း) (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန |

## (ဝန်ကြီးရုံး)

အမှတ် ၄။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

